ဝိရှေး+အာရှေးရှိသော၊ဗာဓဓာတ်+ဏေပစ္စည်း၊အန္တပစ္စည်းတို့ဖြင့် ပြီးသောကြောင့် လည်းကောင်း၊ညှင်းဆဲခြင်းကြိယာကိုသာ ဤ၌အလိုရှိအပ်သောကြောင့်လည်းကောင်း ဗျာဗာဓေန္တဿ ပါဠ်သာသင့်။

**ဝါကျစဉ်(၁၆) (က) အာယတိ/အာယတိ**(ဝေရဉ္ဇာစာစဉ်(၃၈)၌ ဆုံးဖြတ်ပြီး)

**(ဂ) ယော်ပိ/ယော**

ယောပိတိ အပိသဒ္ဒေါ ခနိယတ္ထေရံ အပေက္ခတိ။ယောဇနာကို ထောက်၍ အရှင်ခနိယမထေရ်တစ်ပါးတည်းသာမဟုတ်။အခြားသောရဟန်းတစ်ပါးလည်း ကျောင်းဆောက်သည်ကို ငဲ့သောကြောင့် ယောပ်-ဟု အပိသဒ္ဒါပါမှ သင့်။

**ယံယံ ဝဏ္ဏုံ/ယံ ဝဏ္ဏုံ**

မြေတူးခြင်း,ရွံ့နယ်ခြင်း,မီးဖုတ်ခြင်းစသည်ဖြင့် ဆောင်ရွက်ဖွယ်ကိစ္စအားလုံးကို ပြန့်နှံ့စေရကား ယံယံ ဝဏ္ဏုံ-ဟု ဝိစ္ဆာဖြင့် ရှိပါဠ်သာသင့်။

**(ဃ) ဝိတိက္ကမတိ/ဝိတိက္ကမတိ**(ဝိတိနာမေန္တိ/ဝိတိက္ကမောတို့၌ ဆုံးဖြတ်ပြီး)

**ဝါကျစဉ်(၁၇) ကရောန္တာနမ္ပိ/ကရောန္တာနံ**

သူတစ်ပါးဆောက်လုပ်သောမြေကျောင်း၌ နေသောရဟန်းသာ အာပတ်သင့်သည် မဟုတ်၊ကိုယ်တိုင်ဆောက်လုပ်၍နေသော ရဟန်းအားလည်း ဒုက္ကဋ်အာပတ်သင့်၏ဟု သမုစ္စ ည်းအနက်ပြရာဖြစ်၍ ကရောန္တာနမ္ပိ-ဟု ပိသဒ္ဒါပါသော ပါဠ်သင့်။

**ဝါကျစဉ်(၁၈) တိတ္ထိယဓ္ဓဇ/တိတ္ထိယဓဇ**

အရဟဒ္ဓဇပုဒ်ကဲ့သို့ ဒွေဘော်လာ၍ပြီးသောကြောင့် တိတ္ထိယဒ္ဓဇ-ဟု ဒွေဘော်

http://www.dhammadownload.com



ဖြင့် ရှိသောပါဌ်သင့်။

ဒွေဘော်သည်အနိစ္စဝိမိဖြစ်သောကြောင့်လည်းကောင်း၊တိတ္ထိယဓဇောတိ တိတ္ထိယနမေဝ သညာနဘူတတ္တာ ဝုတ္တံ-ဟု ဝိမတိဋီကာ၌ဆိုသောကြောင့်လည်းကောင်း ဒွေဘော်မဲ့ တိတ္ထိယဓဇော ပါဌ်လည်းသင့်။

## အညာနိပိ ကာရဏာနိ/အညာနိ ကာရဏာနိ

အညာနိပီတိ ပိသဒ္ဒေန အတ္တနာ ဝုတ္တကာရဏဒွယမ္ပိ မဟာအဋ္ဌကထာယမေဝ ဝုတ္တန္တိ ဒဿေတိ။(ဝိမတိ၊၁။၁၆၅။)ရှု၍ ပိသဒ္ဒါဖြင့် အညာပိကာရဏာနိ ပါဌ်သာသင့်။

## ဝါကျစဉ်(၁၉) ဂန္ထိက/ဂဏ္ဌိက

ဂန္ထေတိ ဗန္ဓတီတိ ဝါ ဂန္ထေတိ ဗန္ဓတိ ဧတ္ထာတိ ဝါ ကတ္တာ ဂန္ထိကောတိ ဝုစ္စတိ ထကာရဿ ဏ္ဌကာရေ ကတေ ဂဏ္ဌိကော။(ပါစိတ်ယောဇနာ၊၁၃၂။)ကိုထောက်၍ နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၂၀) ကဝါဋ္ဌ/ကပါဋ္ဌ

ကပါဋ္ဌ ကဝါဋ္ဌန္တိပိ ဒွါရဗာဟာယ နာမာနိ တံ ဝါတံ ပါဋ္ဌယတိ ဝါဋ္ဌယတိ စေတိ ကမ္မနိ ဏော။ဣတ္ထိယံ ကပါဋ္ဌီ။(ဓာန်ဋီ၊၂၀၉။ဂါထာ။)ထောက်၍ နှစ်ပါဌ်သင့်။

## သီမာယ/သီမာယ

သိ ဗန္ဓနေ၊သိယတီတိ သီမာ။ဒီဃော-ဟု ရူ၆၅၃-သုတ်၌ သိဓာတ်+မပစ္စည်းဣကို ဤပြု၍ပြီးသောကြောင့် သီမာယ-ဟု ဒီဃဖြင့်ရှိသောပါဌ်သင့်။

## အညတြ ဝိရုဒ္ဓသေနာသနာ/ဝိရုဒ္ဓသေနာသနံ/ ဝိရုဒ္ဓသေနာသနေန

ရိတေ ဝိနာ အညတြာတို့ ယှဉ်ရာမှန်လှ ယင်းပဒဝယ် ဒု တ ပဉ္စမီ သက်မြဲတည်း-ဟူသော နိယံအရ အညတြအယှဉ် ဒုတိယာ တတိယာ ပဉ္စမီ ဝိဘတ်တို့သက်နိုင်သောကြောင့် သုံးပါဌ်လုံး သင့်ပါသည်။

## ဝါကျစဉ်(၂၁) ဒါရုဂဟော/ဒါရုဂေဟော

ဂဟာဿ ပဒဿေတံ အသမာသေ နိစ္စံ သုတ်ကိုထောက်၍ သမာသ်မဟုတ်ရာ၌ ဧအပြု အမြဲဖြစ်နိုင်၏။သမာသ်၌ ဧမပြုအပ်၊ထိုကြောင့် ဤ၌ သမာသ်ဖြစ်၍ ဒါရုဂဟော ပါဌ်သင့်။ သို့သော် သီလက္ခန် သာမညဖလသုတ်၌ တဏယနဂေဟာ ပုဒ်ကိုတွေ့အပ်သောကြောင့် သမာသ်၌ ဧမပြုအပ်ဟု ဆိုသောစကားလည်းမမြဲ။ထိုကြောင့်

http://www.dhammadownload.com



ဒါရဂဝေဟော ပါဠိလည်းသင့်။ (ဒီ၊ဋ္ဌ၊၁။၁၂၅။)

**ရာဇပရိဂ္ဂဟဘူတာနိ/ရာဇပရိဂ္ဂဟိတဘူတာနိ**

ပရိ+ဂဟ+အပစ္စည်းဖြင့် ပြီးသော ပရိဂ္ဂဟပုဒ်သည် ပရိဂ္ဂဟော အဓိနော၊အော ယတ္တော တုစ သန္တကော။ဟူသော အဘိဓာန်၊ယသဝါ ပရိဂ္ဂဟော တံ သာမ်-သုတ်စဉ် နှင့်ညီညွတ်သောကြောင့် ရာဇပရိဂ္ဂဟဘူတာနိ ပါဠိသင့်။

ပရိဂ္ဂဟိတ၌ ပရိ+ဂဟ+တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ရာဇဂဟ အဖွင့်၌ ရသော ပရိဟိကတ္တာဟု ဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း၊ပရိဂ္ဂဟောစ ဂဟဏောဟု ဓာန်၌ ဆိုသောကြောင့်လည်းကောင်း ရာဇပရိဂ္ဂဟိတ ဘူတာနိ ပါဠိလည်း သင့်ပါသည်။

**ပဋိဂ္ဂဟာ/ပဋိဂ္ဂဟိတ**

နှစ်ပါဠိလုံးပင် သိမ်းပိုက်ခြင်းသန္တကအနက်ဟော၍ အနက်မထူး၊အ+တ ပစ္စည်း မျှသာထူး၍ နှစ်ပါဠိလုံးသင့်။

**ဝိပတ္တိ/ဝိပ္ပတ္တိ**

ဝိ+ပဒ+တိ ပစ္စည်းဖြင့်ပြီးသောကြောင့် ပဒဓာတ်၏ အာဒိဗျည်းသည် ဒွေဘော် ဌာန မဟုတ်သောကြောင့် ဝိပတ္တိ ပါဠိသင့်။(ဝိရူပံ ပဇ္ဇနံ ဝိပတ္တိ)

**ပဋိရာဇူပရုန္ဓန/ပဋိရာဇူပရုဒ္ဓန**

ဥပ+ရုဓိ+ယုပစ္စည်းဖြင့်ပြီးသော ဥပရုန္ဓနပုဒ်ဖြစ်၍ ပဋိရာဇူပရုန္ဓန-ဟုရှိသော ပါဠိသာသင့်။

**အဠ္ဌာလက/အဋ္ဋာလက**

အဋ္ဋသဒ္ဒူပပဒ+အလ+ဏ္ဍု ပစ္စည်းဖြင့် ပြီးသောကြောင့် ပဌမက္ခရာ ဒွေဘော် ဖြင့်ရှိသော အဋ္ဋာလကပါဠိသင့်။

**ဝါကျစဉ်(၂၂) ဣဿရိယမတ္တာယ/ဣဿရိယပတ္တာယ**

ဣဿရိယပတ္တာယ-ဟု တစ်ချို့ ပါဠိရှိ၏။အစိုးရသူ၏အဖြစ်သို့ရောက်လာ-ဟု အနက်ပေး၏-ဟု ဂဏ္ဌိ၌ ဆိုသောကြောင့် ယင်းအလို ဣဿရိယပတ္တာယ ပါဠိသင့်။

ထိုသို့ပင် ဆိုငြားသော်လည်း ဣဿရိယမတ္တာယာတိ သမိဒ္ဓိယံ မတ္တသဒ္ဒေါ ဉာပေတိ။(ဝဇီရ)ကုလဘောဂဣဿရိယာဒီဟိ မဟာတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော။(သာရတ္ထ)ဋီကာတို့၌ သမိဒ္ဓိအနက်,ပမာဏအနက်ဟော မတ္တသဒ္ဒါကို

http://www.dhammadownload.com


သဘော တူဖွင့်ဆိုသောကြောင့် ဣလာသရိယမတ္တာယ ပါဌ်သည်သာ အသင့်ဟုမှတ်ရမည်။

## သမန္နာဂတာ/သမ္မန္နာဂတာ/

**နိယံ။** ။သံ အနု အာ၊ဥပသာကြောင့်၊သမန္နာဂတာ၊နေကတ္တာ၊မှတ်ကြကျမ်းတွေဆို၊သံရှေး ရှိလတ်၊ပဒဓာဝ်၊မှတ်ကြကျမ်းမဆို၊ပစောက်မဟုတ်၊မ-သာဟုတ်၊တည်ပုဒ် သမန္နာဂတဆို၊ပစောက်သာဟုတ်၊မ-မဟုတ်၊နှုတ်မျှကောစိဆို။

သံ+အနု+အာ+ဂမု+တ ပစ္စည်းတို့ဖြင့် ပြီးသောကြောင့် သမန္နာဂတဟူသော ပါဌ်သာသင့်ပါသည်။

## ဝါကျစဉ်(၂၃) ပစ္စဝေက္ခမာနော/ပစ္စပေက္ခမာနော

ပတိ+အဝ+ဣက္ခ+အ+မာန ပစ္စည်းတို့ဖြင့်ပြီးသောကြောင့် ပစ္စဝေက္ခမာနော ပါဌ်သင့်။ဝကိုပပြု၍ ပြီးသောကြောင့် ပစ္စပေက္ခမာနော ပါဌ်လည်းသင့်။

## ပကတိယာပိ/ပကတိယာ

အပိသဒ္ဒေါ အပကာတိ အပေက္ခတိ-ဟူသော ယောနော်ကိုထောက်၍ပိသဒ္ဒါပါ မှသင့်၏။

## ဣဿာပကတော ဝ/ဣဿာပဂတော ဝ

ဣဿာ+အပ+ကတ=ဣဿာသည် ပင်ကိုယ်သဘောမှ ကင်းအောင်ပြုအပ်သည် ဟု အတ္ထယုတ္တိကိုထောက်သော် ပြုခြင်းအနက်ဟော ကရဓာတ်ဖြင့်သာ ရနိုင်သောကြောင့် လည်းကောင်း၊ဣဿာသည် လွှမ်းမိုးနှိပ်စက်အပ်၏-ဟု အဘိဘဝနအနက်ကို ယူပြန်ကလည်း ဘူကရာသဗ္ဗဓာတွတ္ထဗျာပကာ ဟူသောပရိဘာသာအရ သဗ္ဗဓာတွတ္ထဝါစီဓာတ်ဖြစ်သော ကရဓာတ်သည်သာ ယင်းအနက်ကိုဟောနိုင်သောကြောင့်လည်းကောင်း ဣဿာပကတော ပါဌ်သာသင့်။ယင်းကဲ့သို့ ဂမုသည်မဟောနိုင်သောကြောင့် ဣဿာ ပဂတော ပါဌ်မသင့်။

## ဝါကျစဉ်(၂၄) ဟညာမိ/ဟညိဿာမိ

သန္တိကတ္တအနာဂါတ်အနက်ရှိသော ပုရာသဒ္ဒါနှင့်ယှဉ်ရာ၌ ဝတ္တမာန်ဝိဘတ်သည် အနာဂါတ်ကာလ၌ သက်၏-ဟု ဆိုသောကြောင့် ဟညာမိ ပါဌ်သာသင့်။

### (ခ) အတ္တနော/အတ္တနာ

ဘာဋီ၌ "အတ္တနော-မိမိ၏" -ဟုပေး၍ လေသေနပုဒ်၏ သမ္ဗန်အဖြစ်အနက်ပေးသည်။မအူ၌ "အတ္တနာ-မိမိသည်" -ဟုအဝုတ္တကတ္တားအဖြစ်အနက်ပေး၏။အတ္ထယုတ္တိများ

http://www.dhammadownload.com


ရှိကြ၍ သင့်သည်သာ။အဋ္ဌကထာ၌ အတ္တနာ-ဟုရှိ၏။

**လေသေန/လိသေန**

လေသံ လိသန္တိ ပဒဒွယံ ဝေဝစနံ-ဟုယောဇနာ၌ ဆိုအပ်သောကြောင့် လေသနှင့်လိသသည် ပရိယာယ်မျှဖြစ်၍ နှစ်ပါဌ်သင့်။

**ဝါကျစဉ်(၂၅) ဘာသိတာ/ဘာသိတွာ/ဘာသိတံ**

ဘာသိတန္တိပဒံ တွန္တပဒဿ ဝိသေသနံ-ဟု ယောဇနာ၌ဆိုသောကြောင့် တွံနှင့် ပုံလိင်ခြင်းအရတူ၍ ဘာသိတာ ပါဌ်သင့်။

ဓေရူပိံ ဝါစံ ဘာသိတွာတိ ပါဌော-ဟု ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုသောကြောင့်လည်း ကောင်း၊ဘာသိတွာတိ ပဒံ သရသီတိပဒေ ပုဗ္ဗကာလကြိယာ-ဟု ယောဇနာ၌ဆိုသော ကြောင့်လည်းကောင်း ဘာသိတွာ ပါဌ်လည်းသင့်။

ဘာသိတန္တိပိ အတ္ထိ သော န ယုဇ္ဇတိ-ဟု ယောဇနာ၌ ဆိုသောကြောင့်လည်း ကောင်း၊ဓေရူပိံ ဝါစံနှင့် ဝါစ္စ/ဝါစကလိင်ကွဲပြားသောကြောင့်လည်းကောင်း ဘာသိတံ ပါဌ်မသင့်။ဘာသိတံ နပုံလိင်၊ဓေရူပိံ ဝါစံ ဣတ္ထိလိင်။

**ဝါကျစဉ်(၂၆) တုမှာဒိသာနံ/တုမှာရိသာနံ**

တုမှပုဒ်+ဒိသဓာတ်+ကွိပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊မှ၏အကို ဒီဃ ပြု၍ပြီးသောကြောင့်လည်းကောင်း တုမှာဒိသာနံ ပါဌ်သင့်။

ဒိသဿ ဒကာရော ရကာရမာပဇ္ဇတေ-ဟုဒိသ၏ ဒအက္ခရာသည် ရအဖြစ်သို့ အချို့ရောက်နိုင်၏-ဟု ဆိုသောကြောင့် တုမှာရိသာနံ ပါဌ်လည်းသင့်။

**ဝါကျစဉ်(၂၇) ဝိညူပုရိသံ/ဝိညုပုရိသံ/ဝိညုံ ပုရိသံ**

သမာသ်အလယ်သို့ရောက်သော ဦကိုဥရဿပြု၍ ပြီးသောကြောင့်လည်း-ကောင်း၊သမာသ်နှင့်ဝါကျသာထူး၍ အနက်ထူးမရှိသောကြောင့်လည်းကောင်း ဝိညု ပုရိသံ/ဝိညုံ ပုရိသံ' နှစ်ပါဌ်သင့်။(ဝိညုပုရိသံကားသမာသ်၊ဝိညုံ ပုရိသံကားဝါကျ။)

**ပဗ္ဗဇိတ/ပဗ္ဗဇ္ဇိတ**

ဇကားဒွေဘော်ဌာနမဟုတ်သောကြောင့် ပဗ္ဗဇိတ ပါဌ်သာသင့်။

ပဗ္ဗဇ္ဇာ၌ကား ပ+ဝဇ+ယ ဈကိုဇပြု၍၊ယဝတံသုတ် ပြီးပြယုဂ် အဟုတ်ဒွေဘော် ချည်းသာ-ဆိုသဖြင့်ဒွေဘော်လာရသည်၊ဤပဗ္ဗဇိတ၌ ဒွေဘော်ဌာနမဟုတ်ပါ။

http://www.dhammadownload.com



### ယံ ပဗ္ဗဇ္ဇလိင်္ဂဘူတံ/ပဗ္ဗဇ္ဇလိင်္ဂဘူတံ

နိဿယတို့၌ ယံကိုထည့်၍ အနက်မပေးကြသော်လည်း အရဟဒ္ဓဇော သတ္တိ အဝဇ္ဈရူပေါကိုင်သောကြောင့် ဟေဋ္ဌာပေက္ခအနက်ရှိသော ယံ-သဒ္ဒါပါသော ယံ ပဗ္ဗဇ္ဇလိင်္ဂဘူတံ ပါဌ်သာသင့်။

### ဝါကျစဉ်(၂၈) ပရိသတိ/ပရိသတိံ

တိံသဘာပရိသာယ၊မေဂ်၊၂။၁၀၄။သုတ်အရ သမ္ဗိဝိဘတ်ကို တိံပြု၍ပြီးသောကြောင့် ပရိသတိံ ပါဌ်သင့်။(သီဟိုဠ်မူ)

တိံသဘာပရိသာယ၊နိရုတ္တိဒီပနီ၊၂။၉၀။သုတ်အရ သမ္ဗိဝိဘတ်ကို တိပြု၍ ပြီးသောကြောင့် ပရိသတိ ပါဌ်သင့်။(မြန်မာမူ)တိကြောင့် သာ၏အာကိုရဿပြု။

### လာမကတောဝါ/လာမကတောဝ

အဝဓာရဏရဝိကပ်အနက်ရှိသော ဝါကျဖြစ်၍ ယင်းကိုထွန်းပြတတ်သော ဝါသဒ္ဒါ ဖြစ်သောကြောင့် လာမကတော ဝါ-ဟု ဝါဖြင့် ရှိသောပါဌ်သင့်။

### ဝိတ္ထာရိကံ/ဝိတ္ထာရိတံ

ဝိတ္ထာရေ သဉ္ဇာတော အဿ အတ္ထီတိ ဝိတ္ထာရိတော။(အဝဏ္ဏော)သဉ္ဇာတ အဿတ္ထိအနက်၌ ဣတပစ္စည်းသက်၍ ပြီးသောကြောင့် ဝိတ္ထာရိတံ ပါဌ်သင့်။(ဘာဋီ)

ဝိတ္ထာရေ အဿ အတ္ထီတိ ဝိတ္ထာရိကော။(အဝဏ္ဏော)ရှိးရှိးအဿတ္ထိအနက်၌ ဣကပစ္စည်းသက်၍ ပြီးသောကြောင့် ဝိတ္ထာရိကံ ပါဌ်လည်းသင့်။(နိယကော/နိယတော ပုဒ်တို့ကဲ့သို့ ကာရီ/ကာရိယမျှသာ ထူး၏။)

### ခီယန္တိ/ခိယျန္တိ/ခိယန္တိ

ခီဓာတ်၏ဤကိုဤယပြုက ခီယန္တိ၊ဣယျပြုကခိယျန္တိ၊ဣယပြုကခိယန္တိ အသီးသီးပြီးနိုင်ကောင်းသောကြောင့် သုံးပါဌ်လုံးသင့်။(ဓာတွတ္ထ၊၈၂။)

### ဝါကစဉ်(၂၉) ဂိဟိကာလ/ဂိဟီကာလ

ဂေဟံ အဿ အတ္ထီတိ ဂိဟီ၊ဂိဟိနော ဥပ္ပန္နော ကာလော ဂိဟိကာလော-ဟု သမာသ်အလယ်၌ ဤကိုဣရဿပြု၍ ပြီးသောကြောင့် ရဿဖြင့်ရှိသော ဂိဟိကာလ ပါဌ်သာသင့်။

### ပုရာဏော/ပေါရာဏော

အနက်မထူး၊ဝုဒ္ဓိရောက်/မရောက်သာ ထူးသောကြောင့် နှစ်ပါဌ်သင့်။(ဂဏ္ဌိ၌

http://www.dhammadownload.com



ပေါရာဏော-ဟုရှိသည်။)

### မဟာအမစ္စော/မဟာမစ္စော

ယတ္ထ သန္ဓိတော သရော အတ္ထံ ဒီပေတိ၊တတ္ထ န သန္ဓိ ဟူသော နီတိသုတ်တို့အရ အနက်ပျက်မည့်နေရာ၌ သန္ဓိမစပ်အပ်၊ထို့ကြောင့် မဟာအမစ္စော ပါဠ်သာသင့်ပါသည်။မဟန္တော စသော အမစ္စောတိ အဟာအမစ္စော။

### ဝါကျစဉ်(၃၀) သေနိယော/သေနိကော

သေနာ အဿ အတ္ထီတိ သေနိကော၊သေနိကောယေဝ သေနိယော-ဟု သာရတ္ထ၌ ဆိုသောကြောင့် သေနိယော ပါဠ်သာသင့်။

### ဗိမ္ဗိသာရော/ဗိမ္ဗိသာရော

ဗိမ္ဗီတိ သုဝဏ္ဏံ၊တသ္မာ သာရသုဝဏ္ဏသဒိသဝဏ္ဏတာယ ဗိမ္ဗိသာရောတိ ဝုစ္စတိ။ ဟူ၍ သာရတ္ထ၌ ဆိုသောကြောင့် တတိယက္ခရာဖြင့်ရှိသော ဗိမ္ဗိသာရော ပါဠ်သာသင့်။

### ဝါကျစဉ်(၃၁) ကဟာပဏာ/ကရိသာပဏာ

ရိသကို ဟာပြု၍ ပြီးသောကြောင့် ကဟာပဏာပါဠ်သင့်၊ရိသကိုဟာမပြုသော် ကရိသာပဏာပါဠ်သင့်။အထော ကဟာပဏော နိတ္ထိ၊ကထျတေ ကရိသာပဏော။(ဓာန်၊ ၄၈၁။) ဂါထာအရ အနက်တူပရိယာယ်ပုဒ်တို့မျှသာ ဖြစ်သည်။

### နီလကဟာပဏာ/နေလကဟာပဏာ

(နီလ/နေလအဆုံးအဖြတ်ရှု)

### ဦနံဝါ/ဩနံဝါ

ဦနံဩနန္တိ စဒွေ ပါဌာဟူသော ယောဇနာကိုထောက်၍ နှစ်ပါဠ်သင့်။
(ဦဟာဓာတ်။ဟာချေ၊ဦကို ဩပြု။)

### ရုဒြဒါမကေန/ဒုဒြဒါမကေန

ရုဒြဒါမေန ဥပ္ပါဒိတော ရုဒြဒါမကော-သာရတ္ထ၊၂။၁၂၃။ရုဒြဒါမေန နာမ တေနပိ ဥပ္ပါဒိတော ရုဒြဒါမကော။ဝိမတိ။၁။၁၉၆။တို့ကိုထောက်၍ ရုဒြဒါမကေန ပါဠ်သင့်။

ဂဏ္ဌိ၌ ဒုဒါမကာဒီနံ-ဒုဒြဒါမအရပ်၌ဖြစ်သော ကဟာပဏာစသည်တို့၏။ ဟုယောဇနာသောကြောင့်လည်းကောင်း နာမည်ဟော သဒ္ဒါမျှ ဖြစ်သောကြောင့် အနက်အစိပ္ပါယ်မပျက်နိုင်ရကား ဒုဒြဒါမကေန ပါဠ်လည်းသင့်။

http://www.dhammadownload.com



## ဝါကျစဉ်(၃၂) သာယန္ဟ/သာယဏှ

ပုဗ္ဗာဒိဟုတ္တရပဒသံ အဟာသ ဏှာဒေသော ဟောတိ-ဟု မောဂ္ဂလာန်၌ဆို သော ကြောင့် မုဒ္ဓဇပဉ္စမက္ခရာဖြင့်ရှိသော သာယဏှပါဠိသင့်။

(ပုဗ္ဗပရဇ္ဇသာယမဇ္ဈေဟာဟသ ဏှော။မောဂ်၊၃။၁၁၀။)သုတ်။

သီဟိုဠ်မူ၌ အဟကို ဒန္တဇပဉ္စမက္ခရာဖြင့် နှာပြုဟုဆိုသောကြောင့်လည်း ကောင်း၊ရူပသိဒ္ဓိ၌ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် အဟကို တဝဂ်ပဉ္စမက္ခရာဖြင့် နှာပြုသည် ကိုပြဆိုသော ကြောင့်လည်းကောင်း သာယန္ဟ-ပါဠိသင့်

အဟာသံ ပုဗ္ဗံ ပုဗ္ဗဏှံ၊ဧဝံ သာယန္ဟံ တေသု ဝုဒ္ဓိ တိ အာဒိနာ အဟာသ နှာ ဒေသော။(ရူ၊၁၆၈။)

## ဝါကျစဉ်(၃၃) အပက္ကန္တာ/အပဂန္တာ

ယတော ဂါမတော အပက္ကန္တာတိ ပဒေ အပါဒါနံ၊သော ဂါမော အမနုဿ ဂါမော နာမ -ဟူသော ယောဇနာကိုထောက်၍ ထိုအလို အပက္ကန္တာ ပါဠိသင့်။

မနုဿသဒ္ဒါနှင့်အရတူသောကြောင့်လည်းကောင်း၊နိဿယများ၌ မနုဿာ- တို့သည်။အပက္ကန္တာ-ဖဲသွားကုန်ပြီ။သော ဝါ-ထိုရွာသည်လည်းကောင်း။အမနုဿဂါမော နာမ-မည်၏။-ဟု အနက်ယောဇနာသောကြောင့်လည်းကောင်း အပက္ကန္တာ ပါဠိသင့်။

(ယတော ဝါ အပက္ကန္တာ၊သော အမနုဿော နာမ၊ယတော ဂါမတော အာဂန္တု ကာမာဧဝ အပက္ကန္တာ။ဝဇိရဗုဒ္ဓိဋီကာ၊၁၂၅)

## ဝါကျစဉ်(၃၄) ဣန္ဒခီလ/ဣန္ဒခိလ

ဣန္ဒဿဝ ပါဒံ ခိပတိ ဓွေတိ ဣန္ဒခီလော။ခိပ ပေရဏေ၊ပဿ လော။ အထဝါ ဣံ ဂမနံ ဒဒါတီတိ ဣန္ဒော၊(ဒွါရံ)တတ္ထ ဌပိတော ခီလော ဣန္ဒခီလော ကဏ္ဍကောတိ ဣန္ဒခီလော-ဟူသော အဘိဓာန်ဋီကာကိုထောက်၍ ဣန္ဒခီလော ပါဠိသင့်။

ခီလော ကဠိနတ္ထေ(ဓာတွတ္ထ၊၈၄။)သင်္ကုတု ခိလ ဟောတိသု(ဓာန်၊၁၁၁၅) တို့၌ ခိလသဒ္ဒါသည်သာ တံခါးခုံ,တံခါးငုတ် အနက်ကိုဟော၍ ရဿဖြင့်ရှိသော ဣန္ဒခိလပါဠိလည်းသင့်။

ဒီဃပြု/မပြုသာထူး၏။အနက်ထူးမရှိ ထို့ကြောင့် နှစ်ပါဠိသင့်။

ဆဠ္ဌမူ ပါ,ဋ္ဌ,ဋီ,နှင့် နိဿယတို့၌ ဒီဃဖြင့်သာ ရှိ၏။

http://www.dhammadownload.com



## (ဃ)ဘဿ/ဘဿ ဝါ

တဿဝါ ဂါမဿ၊ဝါသဒ္ဒေါ ဝေမဇ္ဈမေဝါတိ ယော်ဇေတဗ္ဗော။ဝါသဒ္ဒေါ ဣန္ဒခီလေတိ အပေက္ခတိ-ဟူသော ယောဇနာကိုထောက်၍ ဝါပါသော တဿ ဝါ ပါဌ်သာသင့်။

**ဝါကျစဉ်(၃၅) အဇ္ဈောဟာရဏီယ/အဇ္ဈောဟာရနီယ**

ဟာရဓာတ်+အနီယ ပစ္စည်းဖြင့်ပြီးသော်လည်း ကရဏီယံပုဒ်ကဲ့သို့ ရကာရန္တဓာတ်နောင်ရောက်၍ နကိုဏပြု၍ ပြီးသောကြောင့် အဇ္ဈောဟာရဏီယံ ပါဌ်သာသင့်။

**သာမိ/သာမီ**

သ ံ အဿ အတ္ထီတိ သာမီ၊ဒီဃာဒိ၊ရဿန္တေ သာမိပိ-ဓာန်ဋီ(၇၂၅)ဂါထာ၌ ဆိုသောကြောင့် နှစ်ပါဌ်သင့်။

**ဒန္တပေါဏ/ဒန္တပေါန**

ဒန္တေ ပုနာတိ သောဓေတိ ဧတေနာတိ ဒန္တပေါနော။(ရှု)ဒန္တပေါဏောကိပိ။ (ဓာန်၊ဋီ၊၄၄၂။)၌ ဆိုသောကြောင့် နှစ်ပါဌ်သင့်။

**ဝါကျစဉ်(၃၆) ပပဉ္စသင်္ခါ/ပပဉ္စသညာ**

သတ္တာနံ သံသာရေ ပပဉ္စေန္တိ စိရာယန္တီတိ ပပဉ္စာ။တဏှာမာနဒိဋ္ဌိယော။ ပပဉ္စ ဧဝ သင်္ခါ ပပဉ္စသင်္ခါ-ဟု ယောဇနာ၊ကင်္ခါဋီကာသစ်တို့၌ ဆိုသောကြောင့် ပပဉ္စသင်္ခါ ပါဌ်သာသင့်။

**ဝါကျစဉ်(၃၇) အနာဒိယိတွာ/အနာဒရိတွာ**

ဗုဒ္ဓနံ အနာဒရိတွာ ဗုဒ္ဓနေ အာဒရံ အကတွာ သဒ္ဓမနပေက္ခိတွာတိ အဓိပ္ပါယော၊အနာဒိယိတွာတိပိ အတ္ထိ-ဟူသော ယောဇနာကိုထောက်၍ နှစ်ပါဌ်သင့်။

အနာဒိယန္တောတိ တဿ ဝစနံ အဂဏှန္တော၊အာဒရံ ဝါ အကရောန္တော-ဟူသော အဋ္ဌကထာဆရာကိုယ်တိုင်ပင် (ဋ္ဌ-နာ၊၃၂၉) ၌ ဖွင့်ဆိုအပ်သည်ကို ထောက်၍ဒါ ဓာတ် သည် ဂဟဏအနက်၊အာဒရအနက် နှစ်မျိုးဟောနိုင်သောကြောင့် အနာဒရိတွာ-ပါဌ်သည် ယုတ္တတရ ဖြစ်ပါသည်။

**ဝါကျစဉ်(၃၈) သမ္ဗဟု/အမ္ဗဟု**

သမ္ဗဟုလန္တိ အပ္ပဟုံ-ဟူ၍ ဋီကာတို့၌ ဖွင့်သောကြောင့်လည်းကောင်း၊သံဥပသာရသည် အပ္ပအနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း သမ္ဗဟု ပါဌ်သင့်။

http://www.dhammadownload.com


သမ္ဗဂ္ဂသဒ္ဒါ အပ္ပဂ္ဂသဒ္ဒါတို့သည် အနက်အားဖြင့် မထူးသောကြောင့်လည်းကောင်း၊ အဋ္ဌေါတိဘဏ္ဍာဋ္ဌေါ အဖွင့်၌ အပ္ပဋ္ဌေါ ဟောတိ-ဟုတွေ့မြင်အပ်သောကြောင့်လည်းကောင်း အပ္ပဂ္ဂ ပါဌ်လည်းသင့်။

ဂဏ္ဌိ၌ သမဂ္ဂံ ပါဌ်ရင်းဟုဖွင့်၏၊လက်ရှိသာရတ္ထ၊၂။၁၃၃။ဝိမတိ၊၁။၁၇၄။ တို့နှင့် မညီသောကြောင့်မသင့်။

## တသ္မာ ယံ ဘဏ္ဍံ/တသ္မာ တံ ဘဏ္ဍံ

ယ၏ရှေးပုဒ်သည် တနောင်၌ စပ်ပုဒ်ရှိ၏၊ဤ တံ ဘဏ္ဍံကား တသ္မိံ ယေဝ ကာလေ၏နောက်၌စပ်ပုဒ်မရှိ၊ထို့ကြောင့် တံ ဘဏ္ဍံ-ဟု မရှိအပ်၊ယံ ဘဏ္ဍံ-ဟုသာရှိရမည်။

အဝဟာရ၌ စပ်။ဤယံကိုပင် ကဿဟု နောက်၌ နိယမပုဒ်ပြုလတ့်ဖြစ်သော ကြောင့် တသ္မာ ယံ ဘဏ္ဍံ ပါဌ်သင့်။

(စ)ဝါကျ၌လည်း တမ္ပိ ဘဏ္ဍံဟု မရှိအပ်၊ယံ ဟိ ဘဏ္ဍံ-ဟုရှိအပ်၏(ဘာဋီ)

## အဝဟာရံ/အဝဟာတံ

အဝပုဗ္ဗ+ဟရဓာတ်+တပစ္စည်းဖြင့်ပြီးသောကြောင့်လည်းကောင်း၊ဌာနေ တဿ ဒုက္ကဋံ ပဟာဋ္ဌော-ဟု သဒ္ဒနီတိ၌ ဆိုသောကြောင့်လည်းကောင်း မုဒ္ဓဇဋ္ဌအက္ခရာဖြင့်ရှိသော အဝဟာဋ္ဌံ ပါဌ်သင့်။

## ဝါကျစဉ်(၃၉) အာဏတ္တိဂဏ္ဌိကာဟဋော/အာဏတ္တိဂဏ္ဌိကာပါဋော/ အာဏတ္တိဂဏ္ဌိကာလုဋော

အာဏတ္တိစ ဂဏ္ဌိကာစ အာဏတ္တိဂဏ္ဌိကာ(ဒွန်တွဲ)အာဏတ္တိဂဏ္ဌိကာ ဟဋာ ကဿတ္ထိ အာဏတ္တိဂဏ္ဌိကာဟဋော-ဟု မအူနိသျ ဝစနတ္ထပြု၍ တွဲအပ်ပြီးသောမျှော့၊ဖှာအပ်ပြီးသော အဖှာရှိသောသပိတ်-ဟု အနက်ယောဇနာ၍ ပြဆိုသောကြောင့်လည်းကောင်း၊အာဟဋာ အာဏတ္တိဂဏ္ဌိကာ တဿတ္ထိ အာဏတ္တိဂဏ္ဌိကာဟဋော-ဟု ဘာဋီ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း။ထည့်သွင်းအပ်သောစို့မယ်န,တည်းသွင်းအပ်သောအထုံးအဖွဲ့ရှိသော သပိတ်ဟု အာဟဋပုဒ်ကို အာဏတ္တိပုဒ်+ဂဏ္ဌိကာပုဒ်တို့နှင့် စပ်၍ ဘာဋီ၌အနက်ပြန်ဆိုသောကြောင့် လည်း ကောင်း ထိုနိသျများအလို အာဏတ္တိဂဏ္ဌိကာဟဋော ပါဌ်သင့်။

အာဏတ္တိစ ဂဏ္ဌိကာစ အာဏတ္တိဂဏ္ဌိကာ-ဟု ဒွန်တွဲ။ပတနံ ပါဋော။အာဏတ္တိဂဏ္ဌိကာနံ ပါဋော အာဏတ္တိဂဏ္ဌိကာပါဋော-ဟု ဝစနတ္ထပြု၍ စို့မယ်နအဖှာအသေးတို့၏

http://www.dhammadownload.com


ကျ ရောက်ခြင်းဟု ယောဇနာ,ဆင်တဲဂဏ္ဌိတို့၌ အနက်ပြန်ဆိုသောကြောင့် ထိုအလို အာဏိဂဏ္ဌိကာပါတော ပါ၌သင့်။

ရွှေဥမင်နိသျ၌ အာဏိဂဏ္ဌိကာလတော-မျှော့ကိုင်သောကာလ,ဖာထေးသော ကာလမှစ၍-ဟု အနက်ပြန်ဆိုသောကြောင့် ထိုအလို အာဏိဂဏ္ဌိကာလတော ပါ၌သင့်။

အာဏိဂဏ္ဌိကာဟတောတိ အာဏိနာ ဂဏ္ဌိကာစ ဟတသောဘနေော။ဝိသုဒ္ဓိမဂ် ဋီကာ၊၁။၁၂၉။အဖွင့်ကိုထောက် အာဏိဂဏ္ဌိကာဟတော ပါ၌သည်ယုတ္တတရ။

## (ဂ)ဟတော ဝါ/ဟတော

ဘိန္နဆိဒ္ဒနှစ်မျိုးနှင့်တွဲရမည်ဖြစ်၍ ဟတော ဝါ၌ ဝါသဒ္ဒါ မပါသင့်။(ဘာဋီ) ကွဲသောသပိတ် ပေါက်သောသပိတ်တို့မှကြွင်းသော ဖာထေးထားသောသပိတ်ကို ပါရိသေသ နည်းဖြင့် ယူသင့်၍ ဟတောဝါ၌ ဝါသဒ္ဒါပါသင့်။(ဆရာများအလို)

## အာဏိ/အာဏီ/အဏိ

တာသံဂ္ဂဂတေ ဂ်ီလေ အာဏီ၊ က္လတ္ထိ အဏိပိ။ အဏ သဒ္ဒေ၊ဏိ၊ပုဗ္ဗပက္ခေ နဝုဒ္ဓိ၊အနံ ပါဏာနေဝ၊ ဏာတ္တံ။ဓာန်ဋီ၊၃၇၄။ဂါထာ၌ ဖွင့်ဆိုသောကြောင့် အာဏီ အဏိပါ၌ တို့သင့်။

အဏာတိ သဒ္ဒံ ကရောတီတိ အာဏိ။အဏာ+ဣဏ် ပစ္စည်းဖြင့် ပြီးသောကြောင့် အာဏိ ပါ၌သင့်။

**နာဘိ/နာဘီ** (နာဘိ က္လတ္ထိ၊ဤပစ္စယေ နာဘီစ)

**နေမိ/နေမီ** (နယတိ စက္ကံ နေမိ၊၊နီ နယေ၊မိ။ဤပစ္စယေ နေမီစ)

(နှစ်ပါ၌မှန်နည်းတူဖြေပါ။)

## ဝါကျစဉ်(၄၀) (ဃ) ဟရတိ/အဝဟရတိ

အာဒိယေယျ ဟရေယျ အဝဟရေယျ-ဟုခိုးခြင်းပရိယာယ် ကြိယာသဒ္ဒါတို့ကို အတူဆိုသောကြောင့်လည်းကောင်း၊ပါဒ္ဓဂ္ဂနကံ-ဟူသော ပုဒ်ကိုထောက်၍ ဤ၌ ခိုးခြင်း အနက်ကို အလိုရှိအပ်သောကြောင့်လည်းကောင်း အဝဥပသာရရှိ/မရှိသာထူး၍ ခိုးခြင်း အနက်မထူးသောကြောင့်လည်းကောင်း နှစ်ပါ၌သင့်။

## ဥပပရိက္ခိတဗ္ဗံ/ဥပပရိက္ခိတဗ္ဗော

ပရိဘောဂဟူသော ကံပုဒ်ပုံလိင်ကိုထောက်၍ ဥပပရိက္ခိတဗ္ဗော-ဟု ရှိနိုင် ကောင်း သော်လည်း ဤ၌ တဗ္ဗပစ္စည်းသည် ကံဟောမဟုတ်၊ဘောဟောဖြစ်သောကြောင့်

http://www.dhammadownload.com


ဘာဝေ ကိစ္စပ္ပစ္စယန္တာ နပုံသကာ(ရှု တေကိစ္စာ)သုတ် အဖွင့်အရ နပုံလိင်ဒေကာဝုစ်ဖြင့် ဥပပရိက္ခိတဗ္ဗံ ပါဌ်သင့်။

**ဝါကျစဉ်(၄၁) အက္ခဒဿာ/အက္ခရဿာ**

အက္ခသဒ္ဒေန ကိံရ ဝိနိစ္ဆယသာလာ ဝုစ္စတိ၊တတ္ထ နိသိဒိတွာ ဝဇ္ဇာဝဇ္ဇံ ပဿန္တီတိ အက္ခဒဿာ ဝုစ္စန္တိ ဓမ္မဝိနိစ္ဆနကာ-ဟု သာရတ္ထဋီ၌ ဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း၊နျာသာဒီနံ ဝိဝါဒါနံ အက္ခဒဿော ပဒဋ္ဌရိ-ဟု အဘိဓာန်(၃၄၁)ဂါထာ၌ဆိုအပ်သောကြောင့် လည်းကောင်း၊ဤ၌ တရားသူကြီးတို့ကို အလိုရှိအပ်သောကြောင့်လည်းကောင်း တဝဂ် ဓာတိယက္ခရာဖြင့်ရှိသော အက္ခဒဿာ ပါဌ်သင့်။

**မှတ်ချက်။** ။အက္ခာယံ ဓမ္မသဘာယံ နိသီဒိတွာ ရသန္တိ ဝိနိစ္ဆိနန္တီတိ အက္ခရဿာ။ (ဂဏ္ဍိပေါင်း)၌ ဆိုအပ်၏။ထိုအလို အက္ခရဿာ သင့်။

**သက်ိသရိယနိဿိတာ/သကဝီရိယနိဿိတာ**

နှစ်ပုဒ်လုံးတို့သည် အစိုးရသူ မင်းသားကိုသာ ရနိုင်သောကြောင့် နှစ်ပါဌ်သင့်။ သို့သော် သက်ိဿရိယနိဿိတာ-ဟူသောပါဌ်သည် ရာဇကုလနိဿိတာ-ဟူသော ပါဌ်ဖြင့်ပင် ပြီးနိုင်သောကြောင့်လည်းကောင်း၊မိမိ၏လုံးလကိုမှီ၍ အုပ်စိုးသူဟူသော အနက်သည်သာ ရာဇကုလနိဿိတာပုဒ်မှ ထူးသောကြောင့်လည်းကောင်း၊ယင်းပုဒ်ကိုပင် နိဿယများ၌ အနက်သမ္ဗန်အပ်သောကြောင့်လည်းကောင်း သကဝီရိယနိဿိတာ ပါဌ်သည် ယုတ္တတရ။

**ဝါကျစဉ်(၄၂) (က)ဆိန္နေယျုံ/ဆိဇ္ဇေယျုံ**

ဆိဒိ ရ ဒွေဓာကရဏေ၊ဒိ ဆိန္ဒနေ-ဟု ဓာတွတ္ထသင်္ဂဟ၌ ဆိုသောကြောင့် လည်း ကောင်း၊သီလာဒိစ္ဆေဒနေန-ဟု ဋီကာ၌ ဆိုသောကြောင့်လည်းကောင်း၊သကမ္မကဖြစ်သော ရုဓာဒိဂိုဏ်း ဆိဒိဓာတ်ကိုသာ ဤ၌ အလိုရှိအပ်သောကြောင့်လည်းကောင်း ဆိန္နေယျုံ ပါဌ်သင့်။

**ရှင်းချက်။** ။ရုဓာဒိဂုဏ်း ဆိဒိဓာတ်သည် သကမ္မက၊ဒိဝါဒိဂိုဏ်းဆိဒိဓာတ်သည် အကမ္မက။ဟနန်ံ နာမ ဟတ္ထပါဒါဒီဟိ ပေါထနစ္ဆေဝ သီသာဒိစ္ဆေဒနဥ္စ ဟောတိ ဟု ဋီကာ၌ သီသာဒိ-ဟု ကံထည့်၍ ဖွင့်ဆိုအပ်သောကြောင့် သကမ္မကဖြစ်သော ရုဓာဒိဂဏ်ိကဆိဒိဓာတ်ကို ဤ၌အလိုရှိအပ်သောကြောင့် ဆိန္နေယျုံ ပါဌ်သင့်။

ဒိဝါဒိဂဏ်ိကဆိဒိဓာတ်ကို ဤ၌ အလိုမရှိအပ်သောကြောင့် ဆိဇ္ဇေယျုံ

http://www.dhammadownload.com


ပါဠိမသင့်။

### မေကုနံ ခမ္ဗံ/မေထုနခမ္ဗံ

သမာသ်အစီအရင်အားလုံးတို့သို့ ဝိဘာသာသဒ္ဒါလိုက်အပ်သောကြောင့် သမာသ်မှန်သမျှ အနိစ္စဝိဓိဖြစ်၍ မေထုနံ ခမ္ဗံဟူ၍လည်းကောင်း၊မေထုနခမ္ဗံ ဟူ၍လည်းကောင်း ဝါကျ/သမာသ်နှစ်မျိုးရှိနိုင်ကောင်းသောကြောင့် နှစ်ပါဠိသင့်။

### ဝါကျစဉ်(၄၃) ဒုဋ္ဌံ ကတံ/ဒုဋ္ဌုကတံ(ဒုဋ္ဌုံ ကတံ)

ယံ ဟိ ဒုဋ္ဌုကတံ ဝိရူပံ ဝါ ကတံ၊တံ ဒုက္ကဋံ။(ဝိ၊ဋ္ဌ၊၄။၁၉၂။)အဖွင့်ကို ရှု၍ ဒုဉပသာရပုဒ်၏ ဒုဋ္ဌုအနက်မှတစ်ပါး ဝိရူပအနက်ဖွင့်ရာဖြစ်သောကြောင့် ဒုဋ္ဌု-ပျက်စီးခြင်းဟူသည် ပင်ကိုယ်မဟုတ်၊ဖေါက်ပြန်ခြင်းပင်၊ ဖြစ်၏ဟု အနက်အဓိပ္ပါယ်ယူဆနိုင်သောကြောင့်လည်းကောင်း၊ကမ္မဓာရယသမာသ် ပြုရာဖြစ်၍ ဝိဘတ်ကျေဖြစ်သင့်သောကြောင့် လည်းကောင်း၊ဒီဃစက္ကုအဘိဉ္စဉ် ကာယဒုစ္စရိတာအဖွင့်(၊ဝိ၊ဋ္ဌ၊၁။၁၃၄။)ဒုဋ္ဌုစရိတံ ဒုဋ္ဌံ ဝါ စရိတံ-ဟုတွေ့အပ်သောကြောင့်လည်းကောင်း ဒုဋ္ဌံ ကတံ ပါဠိသင့်။

နိဿယတို့၌ ဒုဋ္ဌုပုဒ်ဖြင့်အတ္ထယောဇနာသောကြောင့်လည်းကောင်း၊ကာယဒုစ္စရိ တအဖွင့် ဋီကာ(သာရတ္ထ၊၁။၄၀၄။)၌ ကာယေန ဒုဋ္ဌု စရိတံ။ပ။ကိလေသပူတိကတ္တာ ဒုဋ္ဌုစရိတံ-ဟု ဒုဋ္ဌုပုဒ်ဖြင့် ကမ္မဓာရယ်သမာသ်ကိုဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း၊မကောင်းဟူသည် ဖေါက်ပြန်မှုတစ်မျိုးပင် ဖြစ်၏-ဟု အနက်အဓိပ္ပါယ်ကို ယူဆနိုင်သောကြောင့်လည်းကောင်း ဒုဋ္ဌု ကတံ ပါဠိလည်းသင့်။(ဒုဋ္ဌုံ ကတံ ပါဠိမသင့်)

### ဘိက္ခုကြိယာနံ/ဘိက္ခုကိရိယာနံ

ကရဓာတ်+ရိရိယ ပစ္စည်း ဓာတွန်ရနှင့်ရအနုဗဏ်ကို ချေ၍ပြီးသောကြောင့် ဘိက္ခုကိရိယာနံ ပါဠိသင့်။

ကကိုရိသို့ ကပ်၍ပြီးနိုင်သောကြောင့် ဘိက္ခုကြိယာနံ ပါဠိလည်းသင့်။ (အက္ခရစိန္တကာ ပန ကြိယာတ္တစ္စပိ ပဒမိစ္ဆန္တိ။ဓာတုမာလာ၊၂၇၆။ကရ+ကရဲဏော ဇော္ဇာ။ က္လကာရာဂမော အဿိ၊ဝဏ္ဏာဝိပရိယယေ ကြိယာ၊ရိရိပစ္စယေ ကိရိယာ။ဓာန်ဋီ၊၇၅၈။ ဂါထာ။)

### (ဃ)ဝိရဒ္ဓံ/ဝိရဒ္ဓံ

ဂဏ္ဌိ၌ ဝိရဒ္ဓံ-ဟု ရှိသော်လည်း စုဏ္ဏိယအဖွင့်၌ ဝုတ္တကိစ္စံ ဝိရာဓေတွာ။ ဝိပုဗ္ဗ ရာဓဓာတ်ကို ဖွင့်၍၊ဝိပုဗ္ဗရဓဓာတ်ကို မဖွင့်သောကြောင့်လည်းကောင်း၊ကုသလံ

http://www.dhammadownload.com



ဂ်ရှိတွာ ပဝတ္တတ္တာ ဝိရဒ္ဓံ-ဟု(သာရတ္ထ၊၂။၁၃၄။)၌ဖွင့်သောကြောင့်လည်းကောင်း၊မူရင်း ပရိဂါပါဠိတော်၌ အပရဒ္ဓံ ဝိရဒ္ဓံ-ဟု ရှိသောကြောင့်လည်းကောင်း ဝိပုဗ္ဗ+ရာဓာတ်+ တပစ္စည်းဖြင့်ပြီးသော ဝိရဒ္ဓံ ပါဌ်သာသင့်။

**ပထမံ/ပဌမံ**

ပဌ-ဝိယတ္တိယံ ဝါစာယံ၊အမော။ပထ-သချ်ာနေဝါ၊အမော။ဝဏ္ဏာဝိကာရော ပဌမံ၊ပထမန္တိပိ။(ဓာန်ဋီ၊၇၁၅။)ဂါထာ။

## ဝါကျစဉ်(၄၄) (က)ထူလစ္စယ/ထုလ္လစ္စယ

(ခ)ဝါကျလာ သံယောဂါဘာဝေါ-ဟူသော အဖွင့်ကိုထောက်၍ သံယုတ် နှင့်တကွ ထုလ္လစ္စယ ပါဌ်သင့်။

**(က)ထူလတ္တာ အစ္စယဿ/ထူလတ္တာ အစ္စယတ္တာ**

ပရိဂါပါဠိတော် ဂါထာသင်္ဂဏိ အဋ္ဌကထာ၌ "ထူလတ္တာ အစ္စယဿ ဧတံ ထုလ္လစ္စယန္တိ ဝုစ္စတီတိ အဒွော" ဟု ရှိ၏။ထိုသို့ရှိမှုလည်း အစ္စယနှင့်ထူလကို့ အရကူ မည်ဖြစ်ကြောင်း သိသာ၏။ထို့ကြောင့် ဤ၌လည်း ထူလတ္တာ အစ္စယဿ-ဟု ရှိသင့် သည်ကို ဘာဋီ၌ဆိုသောကြောင့် ထိုအလို ထူလတ္တာ အစ္စယဿ ပါဌ်သင့်။(ဝိ၊ဋ္ဌ၊၄။ ၁၉၁။)

သာရတ္ထဋီကာ၌ ထူလတ္တာ အစ္စယတ္တာစ ထုလ္လစ္စယန္တိ ဝတ္တဗ္ဗေ ထုလ္လစ္စယန္တိ ဝုတ္တံ-ဟူသော အဖွင့်ကို ထောက်၍ ထူလတ္တာ အစ္စယတ္တာ ပါဌ်လည်းသင့်။(သာရတ္ထ၊၂။ ၂၃၄။)

## ဝါကျစဉ်(၄၅) ကုမ္ဘီဂတံ/ကုမ္ဘိဂတံ

ဝါကျမဟုတ် သမာသ်ပုဒ်ဖြစ်၍ သမာသ်အလယ်ရောက် ဤ၊ဦ နိစ္စက္ကတ္ထိလိင် ပုဒ်တို့ကို ရဿပြုရသောကြောင့် ကုမ္ဘိဂတံ ပါဌ်သင့်။ကုမ္ဘီဂတံ ပါဌ်မသင့်။

ကွစာဒိမဇ္ဈုတ္တရာနန္တိ အာဒိနာ မဇ္ဈေ ဤကာရူကာရာနံ ရဿတ္တံ။(ရူပသိဒ္ဓိ၊ အမာ ဒယောပရပဒေဘိ-သုတ်အဖွင့်။)နိစ္စက္ကတ္ထိလိင် အာဖြစ်သော် ရဿမပြုအပ်။

**ကုမ္ဘိဂတဘဏ္ဍာဂဟဏတ္ထံ/ကုမ္ဘိဂတဘဏ္ဍဂ္ဂဟဏတ္ထံ**

ဂဟဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဒွေဘော်ဖြင့် ရှိသော ကုမ္ဘိဂတဘဏ္ဍဂ္ဂဟဏတ္ထံ-ပါဌ်သင့်။

## ဝါကျစဉ်(၄၆) အဝဗျူဟာန္တော့ပိ/အပဗျူဟာန္တော့ပိ

http://www.dhammadownload.com



အဝဇ္ဈုပ္ပာဟန္တော အပဇ္ဈုပ္ပာဟန္တောတိစ ဒွေ ပါဌာ-ဟု ယောဇနာ၌ ဆိုသောကြောင့်လည်းကောင်း၊ပနှင့်ဝတို့သည် ကာရိ/ကာရိယမျှသာ ထူးသောကြောင့်လည်းကောင်း နှစ်ပါဌ် သင့်ပါသည်။

ပကာရသ ဝကာရာဒေသော ဟောတိ ပစ္စေဿတိ ဝိစ္စေဿတိ ဝါ။(ကစ္စည်း)

အပဇ္ဈုပ္ပာဟန္တောတိ ဌိတဋ္ဌာနတော အပနယနဝသေန ဝိယူဟန္တော ရာသိံ ကရောန္တော။(ဝိမတိ၊၁။၁၇၇။)၌ ဆိုသောကြောင့် အပဇ္ဈုပ္ပာဟန္တော ပါဌ်သည် ယုတ္တတရ။ဤ၌ အပိသဒ္ဒါပါမှသင့်သည်။အပိသဒ္ဒေါ ယာဝ ဧကဗဒ္ဓန္တိ အာဒိနာ ဝုတ္တံ ပုဂ္ဂလံ အပေက္ခတိ။

**ဝါကျစဉ်(၄၇) အာရူဠှ/အာရုဠှ**

ရုဟ-ဇနနေ အာရုဟတီတိ အာရုဠှော။(ရုဠှော)ဟု (ရူပသိဒ္ဓိ)ဟန္ဒေဟိ ဟောဟဿ လော ဝါ အဒဟနဟာနံ-ဟူသောအဖွင့်၌ ရုဟဓာတ်အရာ၌ ဒီဃအပြုကိုမဆိုသောကြောင့် ရဿဖြင့် အာရုဠှ ပါဌ်သာသင့်။(ရုဟ+တ)

**မှတ်ချက်။** ။ပါဠိများ၌ အာရူဠှ-ဟု အတွေ့များပါသည်။

**သောဝဏ္ဏမယာနိ/သုဝဏ္ဏမယာနိ**

ဝုဒ္ဓိပြု/မပြုမျှသာ ထူးသောကြောင့် နှစ်ပါဌ်လုံးသင့်။

**ဝါကျစဉ်(၄၈) ဝစနတောပေတံ/ဝစနတောစေတံ**

ဝစနတောစာတိ ပဒံ ဝေဒိတဗ္ဗန္တိ ပဒေ ဉာပကဟေတု၊စသဒ္ဒေါ ဝိနယဝိနိစ္ဆယောတိ အာဒိ ဟေတုံ အပေက္ခတိ၊ဝစနတောပေတန္တိပိ အတ္ထိ-ဟု ယောဇနာ၌ ဆိုသောကြောင့်လည်းကောင်း၊စသဒ္ဒါအပိသဒ္ဒါတို့သည် အပေက္ခအနက်ကို ဟောနိုင်ကြသောကြောင့်လည်း ကောင်း နှစ်ပါဌ်သင့်။

**အာကာသဂတံ အကရောန္တဿ/အာရောပေန္တဿ/ကရောန္တဿ**

အာရောပေန္တဿာတိ ပဒံ ဝေဠုနယေနာတိ သမ္ဗန္ဓော-ဟု ယောဇနာ၌ ဆိုသောကြောင့် ထိုအလို အာရောပေန္တဿ ပါဌ်သင့်။

ထိုသို့ပင် ဆိုငြားသော်လည်း ဝေဟာသဋ္ဌ-လာ စကားတို့နှင့် ညီညွတ်မှုမရှိသောကြောင့် အဓိပ္ပါယ်မရှိ၊ထိုကြောင့် မသင့်။

ကရောန္တဿ သဒ္ဒါလည်း အာရောပေန္တဿ သဒ္ဒါနှင့်မထူးရကား မသင့်။

အကရောန္တဿ သဒ္ဒါသည်သာ အထက်ဝေဟာသဋ္ဌ စကားတို့နှင့်ညီညွတ်သောကြောင့်လည်းကောင်း၊ဤ၌လိုအပ်သောအနက်ကိုပြီးစေနိုင်သောကြောင့်လည်းကောင်း

http://www.dhammadownload.com



အကာရောန္တသဿ ပါဠိသင့်။

**မှတ်ချက်။** ။အာရောပေန္တဿပါဠိကား ယောဇနာ၊ကရောန္တဿပါဠိကားမအုရှိသျ၊အကာရောန္တဿ ပါဠိကား ဘာဋီ။

**ဝါကျစဉ်(၄၉)** **ဒုက္ကုလသာဋကံ/ဒုက္ကူလသာဋကံ**

ကူလ အာဝရဏေ၊ဒုက္ကေန ကုလျတေတိ ဒုက္ကူလံ။ဒုမေဟိ ဇာတံ ကူလန္တိ ဝါ ဒုက္ကူလံ-ဟူသော ဓာန်ဋီ(၂၉၁)ဂါထာကို ထောက်၍ ဒုက္ကူလသာဋကံ ပါဠိသာသင့်။ (ဋီကာ၌ ကုလံ-ဟု ရသဖြင့် ရှိသည့်ကား ပါဠိပျက်။)

**ပိတမတ္တော/ပီတမတ္တော**

ဌာပါနမိဉ်စ-သုတ်ကို ထောက်၍ ပီတမတ္တော ပါဠိသာသင့်။

**သုက္ကတဋ္ဌာကေ သုက္ကမာတိကာယ/**

**သုက္ကတဋ္ဌာကသုက္ကမာတိကာ**

ယသုက္ကတဋ္ဌာကေတိ ပဒံ သုက္ကမာတိကာယာတိ ပဒေ အာဓာရော-ဟု ယောဇနာ ၌ ဆိုသောကြောင့်လည်းကောင်း၊အသုခုစ္စာရဏေ အဝိဒိတတ္တေစ ဝါကျမေဝ-ဟူသောသဒ္ဒနီတိသုတ်နှင့် အညီ အဝိဒိတတ္တဖြစ်သောကြောင့်လည်းကောင်း သုက္ကတဋ္ဌာကေ သုက္ကမာတိကာယ ပါဠိသာသင့်။

**ဝါကျစဉ်(၅၀)** **ဂလိတေ/ဂဠိတေ**

ဂဠော-ပဋ္ဌရဏေ-ဟု ဓာတွတ္ထ(၉၆)၌ ဆိုသောကြောင့်လည်းကောင်း၊ဂဠဓာတ် တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း ဂဠိတေပါဠိသင့်။

ဂလော ဘူ သဒ္ဒေ စ ဘူ သဝေ-ဟု ဓာတွတ္ထ(၉၄)၌ ဆိုသောကြောင့် ဂလိတေ ပါဠိသင့်။

**မှတ်ချက်။** ။ဂဠ-ဂလ နှစ်ပုဒ်လုံးပင် ယိုစီးခြင်း လျောကြခြင်း အနက်ကို ဟောနိုင်ခြင်းကြောင့် ဖြစ်သည်။

**(ဃ)တတြ/တတ္ထ**

တတ္ထာတိ ဩမဋ္ဌာဒီသု-ဟု ယောဇနာ၌ ဆိုသောကြောင့် ထိုအလို တတ္ထ ပါဠိသင့်။တ္ထ/တြ ပစ္စည်းမျှသာထူး၍ အနက်မထူးသောကြောင့် တတြ ပါဠိလည်းသင့်။

**ဝါကျစဉ်(၅၁)** **ကပါလမဇ္ဈတော/ဗာဟိရမဇ္ဈတော**

ဝေမဋ္ဌအပေါက်၌ ၁။အတွင်းစွန်း။၂။အပစွန်း။၃။အိုအုံအလယ်အားဖြင့် အာပတ်

http://www.dhammadownload.com



ကို ဆုံးဖြတ်ရာ ဌာနသုံးပါးဖြစ်သင့်ရာဝယ် ဆိုလတံ့သော (ဃ)ဝါကျစသည်ကို ထောက်၍ အိုးအုံအလယ်ပင် ဟူသော အနက်သာဖြစ်သင့်ရကား ကပါလမ္ဗူတောပါဠ်သာသင့်။ (ဆင်တဲဂဏ္ဌိ၌ ဆိုသော ဗာဟိရမ္ဗူတောပါဠ်ကား အဋ္ဌယုတ္တိမရှိသောကြောင့်မသင့်။

### ကတာဆိဒ္ဒေ/ကတာဆိဒ္ဒေန

မဇ္ဈေ ဌပေတွာ ကတာဆိဒ္ဒေတိ မဇ္ဈေ ထောကံ ကပါလံ ဌပေတွာ ပစ္ဆာ တံ ဆိဒ္ဒန္တေန ကတာဆိဒ္ဒေ-ဟု သာရတ္ထဒီပနီ ဋီကာတို့၌ဆိုသောကြောင့် ကတာဆိဒ္ဒေပါဠ်သာသင့်။

### သမေတိ/န သမေတိ

ထိုအဋ္ဌကထာ၌ ဆိုအပ်သောစကားသည် အတွင်းမှလည်းကောင်း၊အပမှလည်းကောင်း စ၍၊အလယ်၌ ပါးပါးချန်ထား၍ နောက်၌ထိုအလယ်သားကို ဖေါက်၍ပြုအပ်သော ဝေမဋ္ဌအပေါက်ကို ရည်ရွယ်၍ သာဝသေသအားဖြင့် ဆိုသောစကားဟု ပြလိုသည်ဖြစ်၍ တံပန စသော စကားကို အရှင်ဗုဒ္ဓဃောသဆရာဆိုသတည်း။

ကန့်ဘောင်ရိုးကို ဖေါက်ခြင်းနှင့် မညီဟု ပြလိုသဖြင့် ဆိုအပ်သောစကား မဟုတ်ချေ၊ထိုကို ပြလိုသည်ဖြစ်၍ ဆိုသောစကားဖြစ်လျှင် တံ ပန တဋ္ဌာကသာ စသည်ဖြင့်သာ ဆိုရာ၏။အန္တော စ ဗဟိစ စသည်ကို ထည့်၍ မဆိုရာ။ဆိုလည်းဆိုခဲ့၏။ ထိုကြောင့် သမေတိ-ဟူသော ပါဠ်သာသင့်။

(သာရတ္ထနှင့်ယောဇနာတို့၌လည်း န အက္ခရာ မပါချေ။)

### ဝါကျစဉ်(၅၂) ဘိန္နတိ/ဘဇ္ဇတိ

နာဂေါ ပါကာရံ ဘိန္နတိ-စသော ပါဠ်တို့၌ကဲ့သို့ သကမ္မကဓာတ်အရာဖြစ်သောကြောင့် ဘိန္နတိ ပါဠ်သာသင့်။

### မုရုန္ဒိကေ္ခပေန/မူရုန္ဒိကေ္ခပေန

မရေ ဓာရဏေ၊အဿု-ဟူသော ဓာန်ဋီ(၃၅၇)ဂါထာကို ထောက်၍ မုရုန္ဒိကေ္ခပေန ပါဠ်သင့်။

### ဝါကျစဉ်(၅၃) ဆဋ္ဋေတိ/ဆဒ္ဒေတိ

ဆဒ္ဒော ဆဋ္ဋော ဆဒ္ဒနေ စု-ဟု ဓာတွတ္ထသင်္ဂဟ၌ ဆိုသောကြောင့် စုရာဒိဂိုဏ်း ဆဒ္ဒဓာတ်၊ဆဋ္ဋဓာတ် နှစ်မျိုးလုံးပင် စွန့်ခြင်းအနက်ကို ဟောရကား နှစ်ပါဠ်လုံးသင့်။

http://www.dhammadownload.com


## ဝါလိကာ/ဝါလုကာ

သဒ္ဒနီတိသုတ္တမာလာ မတ္တာဘေဒအခန်း၌ ပရိယာယ်အဖြစ်ဖြင့် နှစ်ပုဒ်လုံးကို ဆိုထားသောကြောင့်လည်းကောင်း၊ဝါလိကာတိ ဝါလုကာယေဝ။(ဝိ၊ဋ္ဌ၊၃။၂၁။)ဝလ-သံဝရဏေ၊ဏ္ဍု အသု ဝါလုကာ။ခာန်ဋီ(၆၆၃)ဂါထာတို့၌ ပရိယာယ်တူပြသောကြောင့် လည်းကောင်း နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၅၄) ဘဏ္ဍာဒေယျံ/ဘဏ္ဍာဒေယျံ

ဒါတဗ္ဗန္တိ ဒေယျံ၊ဘဏ္ဍဿ တံ ဒေယျဉ္စာတိ ဘဏ္ဍာဒေယျံ-ဟု အောက်၌ ယောဇနာဆရာဆိုသောကြောင့် ဘဏ္ဍာဒေယျံ ပါဌ်သာသင့်။

## ဝါကျစဉ်(၅၅) ဓေမေကေ/ဓေဧကေ

ဓဝံ ဂုတ္တနယေန ဓကေ အာစရိယာ ဝဒန္တီတိ သမ္ဗန္ဓော။(ယောဇနာ)ဓဝံ ဝိနိစ္ဆယံ ဝဒန္တီတိ။(ဋီကာ)တို့၌ ဆိုသောကြောင့် ဧဝမေကေ-ဟု ရှိသောပါဌ်သာသင့်။

## ပဏ္ဍိန္နံ/ပဏ္ဍိနံ/ပက္ခိတ္တံ

ယံ ဝန ဝတ္ထုံ ဇတ္တ ကုမ္ဘိယာ ဘိက္ခုနာ ပက္ခိတ္တံ-ဟု ယောဇနာ၌ ဆိုသောကြောင့် ပက္ခိတ္တံ ပါဌ်သင့်။

ပဏ္ဍိနုဿ ခါဒနံ ဣတရဿ ပါနဉ္စ.(ပျစ်ချွဲခဲနေသော ထောပတ်စသည်ကို စားခြင်း၊မပျစ်မခဲသော ထောပတ်စသည်ကို သောက်ခြင်း)ဤသို့ ဝိမတိ၊၁။၁၇၈။၌ ဆိုသောကြောင့်လည်းကောင်း၊ပပုဗ္ဗ ထီနဓာတ်+တအသဒိသဒွေဘော်လာ၍ ပြီးသောကြောင့်လည်းကောင်း ပဏ္ဍိနံ ပါဌ်သင့်။

ပဒတ္ထမဉ္ဇူသာ၌ ပဏ္ဍိန္န/ပဏ္ဍိန-တင်းသောခတ်တရော်ရှိသော-ဟု ပရိယာယ်တူ ဖွင့်သောကြောင့် ပဏ္ဍိန္နံ ပါဌ်လည်းသင့်။(နိသျတို့၌ ပဏ္ဍိန္န-ဟု ရှိ၏။)

ကောဗဒ္ဓမေဝ-ဟူသော သဒ္ဒန္တရိတ်ကို ထောက်သော် ပဏ္ဍိန္နံ/ပဏ္ဍိနံ ပါဌ်တို့သာ ယုတ္တတရ ဖြစ်၏။

## ဝါကျစဉ်(၅၆) အစာဝေတုကာမောဝ/အစာဝေတုကာမောစ

အစာဝေတုကာမောစာတိ ထေယျစိတ္တေန အစာဝေတုကာမော၊စသဒ္ဒေါ ဌာနာ စာဝေတုကာမတံ အပေက္ခတိ-ဟူသော ယောဇနာဆိုသောကြောင့် အစာဝေတုကာမောစ ပါဌ်သင့်။

သို့သော်လည်း ထိုစကားသည် တိဏ္ဍဋ္ဌာပကော ဝိယဟူသော ဥပမာစကားနှင့်

http://www.dhammadownload.com


ဆန့်ကျင်၏။ထို့ကြောင့် ၄င်းဝတ္ထုဋ္ဌ ဈာပိတာဘိဏော ဋ္ဌာနာစဝနသ အဘာဝေါ ဒုက္ကဋ္ဌံ -ဟုအဋ္ဌကထာ၌ မိန့်လတ္တံ့။ထို့ကြောင့် ယောဇနာစကားကို ဆင်ခြင်ပါ။

စသဒ္ဒါကို ဝိစိကိစ္ဆာ စိတ္တေစ ဟူသော ပါဌ်ကဲ့သို့ အဝဓာရဏတ္ထ ယူသော် နှစ် ပါဌ်သင့်။

သို့သော်လည်း ဋီကာတို့၌ စေသဒ္ဒါနှင့် ပဒုဒ္ဓါရပြုသောကြောင့် အစာဝေတုကာမောဝ-ဟူသော ပါဌ်သာသင့်မြတ်ပါသည်။

## ပတ္တိနံ့/ပက္ကိတ္တံ

ယံ ဝါ ပန ဝတ္ထု စ္ဆေ ကုမ္ဘိယာ ဘိက္ခုနော ပက္ခိတ္တံ တံ ဝတ္ထု-ဟု ယောဇနာ၌ ဆိုသောကြောင့် ပက္ခိတ္တံ ပါဌ်သင့်။

ဂဏ္ဌိ၌လည်း ၄င်းသာဓကကိုဆောင်၍ ပက္ခိတ္တံ ပါဌ်သင့်၏-ဟု ဆို၏။ သို့သော် လည်း အတ္ထယုတ္တိမရှိ၍ ဆင်ခြင်ပါ။

အခါဒိတဗ္ဗံ ဝါ အပါတဗ္ဗံ ဝါ ကရောတ်-ဤအဋ္ဌကထာ ပတ္တိနံ့သ ခါဒနံ လ္လတရသ ပါနဉ္စ သပ္ပိ အာဒီနံ ပရိဘောဂေါတိ အာဟ။အခါဒိတဗ္ဗံ ဝါ အပါတဗ္ဗံ ဝါ ကရောတီတိ။၄င်းအဖွင့် (သာရတ္ထဋီကာ၊၁၃၇။)တို့နှင့် အညီ (ဂ)ဝါကျဖြင့် အိုးကွဲ သောကြောင့် ကြည်သောဆီ-စသည်တို့၏ ယိုစီးထွက်ကျခြင်းကို ပြ၍၊(ဃ)ဝါကျ ဖြင့် ပျစ်ခဲခက်မာသော ထောပတ်ပျားရည်စသည်တို့၏ အိုးနှင့်တကွ နက်စပ်သည်ဖြစ်၍ တည်ခြင်းကိုပြ၏။ထို့ကြောင့် ပတ္တိနံ့ ပါဌ်သာသင့်။

## ပယိရုပါသိတ္ဗာ/ပရိယုပါသိတ္ဗာ

ပရိယာဒီနံ အရိယာဒိဝဏ္ဏာသ ယရာဒီဟိ ဝိပရိယာယော-ဟူသော သဒ္ဒနီတိ သုတ်ကိုထောက်၍ ပယိရုပါသိတ္ဗာ ပါဌ်သာသင့်။

ဝါကျစဉ်(၅၇) **ဗလီဗဒ္ဒသ/ဗလိဗဒ္ဒသ/ဗလီဗဒ္ဓသ/ဗလိဗဒ္ဓသ**

ဤစ ဝရောစ ဤဝရောဗလံ အသ အတ္ထီတိ ဗလီ၊ဤဝရံ ဒဒါတီတိ ဤဗဒ္ဒေါ၊ဗလီ စသော ဤဗဒ္ဒေါစာတိ ဗလိဗဒ္ဒေါ။(ပါစိတ်ဘာဋီ)ဗလံ ဝဒ္ဒယတီတိ ဗလီဗဒ္ဒေါ။နိပါတနာ။ဓာန်ဋီ၊(၄၉၅)ဂါထာကိုထောက်၍ ဗလီဗဒ္ဒသ ပါဌ်သင့်။

(ခွန်အားပြည့်မတ် ကျက်သရေဆုလပ်ကို ပေးတတ်သောနွားလား)

အဟံ ကာရေနု ဗလီနာ ထာမဝန္တေန ဗဒ္ဒတိ အဟမိတိ ကရောတီတိ ဗလီဗဒ္ဒေါ-ကို ထောက်၍ ဗလီဗဒ္ဒ ပါဌ်သင့်။(အုဌ်ကျောင်းဆရာတော်)

http://www.dhammadownload.com


ဝါကျစဉ်(၅၈) **နိမ္ဗေဓဝေနွေဿ/နိဗ္ဗေဓေနွေဿ/နိဗ္ဗေဓေနွေဿ**

နိဗ္ဗေဓေနွေဿ နိဗ္ဗေဓေနွေဿဟိ စ ဒွေ ပါဌာ-ဟု ယောဇနာ၌ ဆိုသော်လည်း ဝေဋ္ဌဓာတ်သည်သာ ရစ်ပတ်ခြင်းအနက်ဟောသောကြောင့် နိပုဗ္ဗ ဝေဋ္ဌဓာတ်+အန္တ ပစ္စည်း ဖြင့်ပြီးသော နိဗ္ဗေဓဝေနွေဿ ပါဌ်သာသင့်။(စာပေတို့၌ ရစ်ပတ်ခြင်းအနက်ဟောမှာ ဝေဌေတိ ဝေဋိတ္တာ ဒိဋ္ဌိနိဗဝေဌနံ-စသည်ဖြင့် ဓ-အက္ခရာဖြင့် ပါဌ်ပျက်သည်များ၏။ (ဓာတွတ္ထ၊၃၆၉။)ဂါထာ။

**ဝေဌေတွာ/ဝေဓေတွာ** နည်းတူ။

ဝါကျစဉ်(၅၉) **ဘိန္နိဝါလ/ဘိဏ္ဍိဝါလ/ဘိန္နိပါလ/ဘိဏ္ဍိ ဝါ ဝါလံဝါ/ဘိန္နိဝါဠ**

ဘိန္ဒနသီလတာယ ဘိန္ဒိ၊ဝါတိ ဂစ္ဆတိ ဇဝေနာတိ ဝါလော၊အလော။ဘိန္ဒိစ သော ဝါလော စာတိ ဘိန္ဒိဂါလော၊ဠွတ္တေ ဘိန္ဒိဝါဠော။ရှေ့သော-ဓာန်ဋီ(၃၉၄)ဂါထာကို ထောက်၍ ဘိန္ဒိဝါလ/ဘိန္ဒိဝါဠ နှစ်ပါဌ်သင့်။(ဘိဏ္ဍိဝါလ ဘိဏ္ဍိ ဝါ ဝါလံဝါ-မသင့်)

ဘေဒနံ ပါလယတီတိ ဘိန္ဒိပါလော၊(ခက်ရင်း)ပိဋကတ်ပေါ်၌ကား ဘိဏ္ဍိဝါလော/ဘဏ္ဍိပါလော ပါဌ်နှစ်မျိုးရှိ၏။ပကိုဝပြုသည်-ဟု ကြံ။ဓာတွတ္ထသင်္ဂဟ ဘိန္ဒိဓာတ် အဖွင့်၌ ဆိုသောကြောင့် ဘိန္ဒိပါလလည်းသင့်။

**အင်္ကုသကေ/အင်္ဂုသကေ**

အင်္ကတိ အနေန အညေတိ အင်္ကုသော၊အင်္က+သက် ပစ္စည်း၊အင်္ကဓာတ်နောင် ဥလာ၍ ပြီးသောကြောင့်လည်းကောင်း၊အင်္ကုသပုဒ်နောင် ကပစ္စည်း သက်၍ပြီးသော ကြောင့် လည်းကောင်း အင်္ကုသကေ ပါဌ်သင့်။

ဝါကျစဉ်(၆၀) **ပါရာဇိကဝတ္ထု ပူရတိ/ပါရာဇိကဝတ္ထုံ ပူရတိ**

ယသ္မိံ ဖလေ ဟူသော အာဓာရပုဒ်ကို ထောက်၍ ပါရာဇိကဝတ္ထု-ဟု သုဒ္ဓကတ္တား ပုဒ် ဖြစ်သင့်သောကြောင့်လည်းကောင်း၊သုဒ္ဓကတ္တား အားလျော်စွာ ပူရတိ-ဟု သုဒ္ဓကြိယာ ရှိသင့်သောကြောင့်လည်းကောင်း ပါရာဇိကဝတ္ထု ပူရတိ ပါဌ်သာသင့်။

**ဝဏ္ဏာဋ္ဌာနံ/ဝဏ္ဍဋ္ဌာနံ**

ဝဏ္ဍံ ပုပ္ဖာဒိဗန္ဓနံ။(ဓာန်၊၅၄၄။)ဂါထာ။ဝဏ္ဍတ္တိ ဇလ္လာတိ ဝဏ္ဍော။(ကစ္စည်း) လောကီကျမ်းတို့၌ ဋ္ဌဖြင့်ရှိ၏။မာဂကျမ်းတို့၌ကား ဍဖြင့်ရှိ၏။ဝဍိဓာတ်၌လည်း ဘာဇ နဋ္ဌစသည်တာရကား နှစ်ပါဌ်သင့်။

http://www.dhammadownload.com


## ပတမာနာ သဒ္ဒံ/ပတမာနံ သဒ္ဒံ

ပတမာနသဒ္ဒါသည် သဒ္ဒံ-ဟူသော နောက်ပုဒ်၏ ဝိသေသနမဟုတ်၊ဆိန္နမတ္တာ (ပိဏ္ဍိ)ဟူသော နောက်ပုဒ်တို့နှင့် အရတူသောကြောင့် တုလျာဓိကရဏပုဒ်ဖြစ်၍ ထိုပုဒ်တို့ အားလျော်စွာ ဣတ္ထိလိင်ပဌမန္တဖြစ်သင့်သောကြောင့် ပတမာနာ သဒ္ဒံ ပါဠ်သာသင့်။

**ဝါကျစဉ်(၆၁)　　အာပါဠ္မေသု/အပါဠ္မေသု**

အပါဠ္မေ အာပါဠ္မေတိစ ဒွေ ပရိယာယာ-ဟု ယောဇနာ၌ ဆိုသောကြောင့် နှစ်ပါဌ်သင့်။

## ခုဒ္ဒကမာတိကာသု/ခုဒ္ဒိကာမာတိကာသု

ခုဒ္ဒကသဒ္ဒါသည် ဟောဘူးသော ပုံလိင်ဖြစ်သောကြောင့်လည်းကောင်း၊ကမ္မဓာရည်းသမာသ်ဖြစ်သောကြောင့်လည်းကောင်း၊မာတိကာဟူသော ဣတ္ထိလိင်သဒ္ဒါနှောင်းသော ကြောင့်လည်းကောင်း၊ပုံလိင်ကဲ့သို့ငဲ့၍ ပြီးသောကြောင့်လည်းကောင်း ခုဒ္ဒကမာတိကာသု ပါဠ်သာသင့်။(ဗြာဟ္မဏီစ သာ ဒါရိကာစာတိ ဗြာဟ္မဏဒါရိကာ ကဲ့သို့မှတ်ပါ)

## တဏ္ဍုဂတိကာ/တဏ္ဍုကတိကာ

တဏ္ဍု ဂတာ တဏ္ဍုဂတာ၊တဏ္ဍုဂတာဝိယာတိ တဏ္ဍုဂတိကာ-ဏိကပစ္စည်း ဥပမာအနက်၌ သက်၍ပြီးသောကြောင့်လည်းကောင်း၊တဏ္ဍုဂတိကာ ပုဒ်ကို နိသျဂဏ္ဍိတို့၌ အတ္ထယောဇနာသောကြောင့်လည်းကောင်း တဏ္ဍုဂတိကာ ပါဠ်သင့်။

သာရတ္ထဋီကာ၌ကား န အဝဟာရောတိ ဣဒံ ပုဗ္ဗသဒိသံ နပေါတိတိ အာဟ "တသ္မာ။ပ။ ဓဝရူပါဟိ တဏ္ဍုကတိကာတိ ဟု ဖွင့်ဆိုသည်၊ထိုအလို တဏ္ဍုကတိကာ ပါဠ်သင့်။(သာရတ္ထ၊၂။၂၄၁။)

**ဝါကျစဉ်(၆၂)　　(ခ)ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗာ**

ရဇနဒေါဏိကာပဒံ အပေက္ခိတွာ ဝေဒိတဗ္ဗာတိ ဝုတ္တံ။ဝေဒိတဗ္ဗောတိပိ အတ္ထိ ဟူသော ယောဇနာကို ထောက်၍ နှစ်ပါဌ်သင့်။

ထိုသို့ယောဇနာ ဆိုသော်လည်း "ဓောဝနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ" စသည်၌ကဲ့သို့ အာကာရရှိသော ကံဝါကျ၌ ကံ၏လိင်ဝုစ်ကို လိုက်၍ ကြိယာကိုထားလေ့မရှိ၊အာကာရကိုသာ လိုက်၍ ကြိယာကိုသိင်ဝုစ်ထားလေ့ရှိသောကြောင့် ဝေဒိတဗ္ဗာသည် ယုတ္တံတရ။ **ဆောင်။** ။ကံ အာကာရ ထိုနှစ်ဝ အရမပြားပေ။

http://www.dhammadownload.com



## အန္တောခဏိတွာ/အန္တောခဏိတာ

အန္တောခဏိတာတိ ပဒံ ဓုဝနာဝါကိ ပဒဿ ဝိသေသနံ။ခဏိတွာတိပိ အတ္ထိ-ဟု ယောဇနာဆိုသောကြောင့် နှစ်ပါဌ်သင့်။

ထိုသို့ပင် ယောဇနာ၌ဆိုသော်လည်း စပ်သောလှေသည် ဓုဝနာဝါမဖြစ်ရာ ရောက် ရကား ဆင်ခြင်ပါ-ဟု ဂဏ္ဌိ၌ ဆိုသောကြောင့်၊အန္တောခဏိတွာ ပါဌ်သည် ယုတ္တတရဖြစ်ပါသည်။

## ဝိပ္ပန္နဋ္ဌနာဝါ/ဝိပ္ပနဋ္ဌနာဝါ/ဝိပ္ပနဋ္ဌာ နာဝါ

ဝိပ္ပန္နဋ္ဌာနာဝါတိ ဝိသမဝါတေဟိ ဝိနာသံ ပတ္တာ ဥဒကေ။နိမုဇ္ဇိတွာ ဟေဋ္ဌာ ဘူမိ တလံ အပတ္တာ မဇ္ဈေ ဋ္ဌိတံ သန္ဓာယ ဝဒတိ။(သာရတ္ထ၊၂။၁၄၁။)

ဝိပန္နဋ္ဌနာဝါတိ ဝိသမဝါတေဟိ ဒေသန္တရံ ပလာတာ၊ဘိန္ဒိတွာ ဝါ ဝိနာသံ ပတ္တာ။(ဝိမတိ၊၁။၁၈၀။)

ဝိပန္နာ ဟုတွာ တိဋ္ဌတီတိ ဝိပန္နဋ္ဌာ။(ဘာဋီ)(ပျက်စီးသည်ဖြစ်၍တည်၏)

ဝိပန္နဋ္ဌ ဇတိသာ နာဝါ ယာတိ ဝိပန္နဋ္ဌာ။(ပျက်သောတည်ရာရှိသောလှေ)မဒ္ဒ။

ဝိပ္ပန္နဋ္ဌနာဝါ -ကွဲသောပျက်သောလှေ။(ဂဏ္ဌိ)

ဝိပန္နဋ္ဌာ စသာ နာဝါစာတိ ဝိပန္နဋ္ဌာနာဝါ။(ယောဇနာ)'

**ညှိနှိုင်းချက်။** ။ဝိ+ပ+နသ+တပစ္စည်းဖြင့် ပြီးနိုင်ကောင်းသောကြောင့်လည်း-ကောင်း၊ပသည်ဒွေဘော်ဌာနဖြစ်သောကြောင့်လည်းကောင်း ဝိပ္ပနဋ္ဌာနာဝါ ပါဌ်သင့်။

ဘာဋီအလို-ဝိ+ပဒ+တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ဝိပန္န-ပုဒ်၊ဌာ ဓာတ်+ကွိပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း ဝိပန္နဋ္ဌာနာဝါ-ပါဌ်သင့်။

ပ-ဥပသာရသည် ဒွေဘော်အက္ခရာဖြစ်၍ ပဒဓာတ်၏အာဒိဗျည်းသည်ဒွေဘော် ဌာနမဟုတ်၊ဝိပတ္တိပုဒ်ကဲ့သို့ ပဒဓာတ်သည် ဝိရှေးရှိသော် ပျက်စီးခြင်းအနက်ဟောနိုင်၏။ ထိုကြောင့် ဋီကာဖွင့်များ၌ ပျက်စီးခြင်းသို့ ရောက်နေသောလှေ-ဟူသော အဓိပ္ပါယ်ကို သူနည်းသူဟန်ဖြင့် ညီညွတ်ကြသည်ကို တွေ့ရသည်။

**ဝါကျစဉ်(၆၃)** ပဏ္ဏာမေတွာ/ပန္နာမေတွာ

တဏာ ဏော နဿ ပ ပရိ အာဒိတော-ဟု ရူပသိဒ္ဓိ(၄၂)သုတ်၌ ဆိုသောကြောင့် မုဒ္ဓဇဏဖြင့်ရှိသော ပဏ္ဏာမေတွာ ပါဌ်သာသင့်။

http://www.dhammadownload.com



## ဝိက္ကိဏိတွာ/ဝိက္ကီဏိတွာ/ဝိက္ကိနိတွာ/ဝိက္ကီနိတွာ

နာမှိ ကိဿ ရဿတ္တံ၊နော စ ဏော။(နီတိသုတ်၊၁၀၆၆။)ကိုထောက်၍ ရဿ မုဒ္ဓဇ ဏဖြင့်ရှိသော ဝိက္ကိဏိတွာ ပါဌ်သာသင့်။

## ဝါကျစဉ်(၆၄) ကုမိန/ကုမီန

ကမ ပဒဝိက္ခေပေ၊အဿ ဥတ္တံ။ကမန္တိ ဧတ္ထ မီနာဒယော ပဝိသန္တီတိ ကုမိနံ။(မဇ္ဈိမဒ္ဒနော ကပဏဝိသေသော-ဏွာဒိ၊၁၀၃။)၌ ကမု+ဣန+အကိုဥပြု၍ပြီးသောကြောင့်လည်းကောင်း၊မိ-ဟိံသာယံ။ပ။ကုမီနန္တိ ကုစ္ဆိတာကာရေန မစ္ဆေ မိနန္တိ ဟိံသန္တိ ဧတေနာတိ ကုမီနံ။(မစ္ဆေဗန္ဓနပဉ္ဇရော)ဟု နီတိဓာတု၊၂၄၅။နှင့် ဓာတွတ္ထသင်္ဂဟတို့၌ ဆိုသောကြောင့်လည်းကောင်း ကုမိနံ/ကုမီနံ နှစ်ပါဌ်သင့်။

## ယထာဝုတ္တသီသပရိစ္ဆေဒံ အနတိက္ကာမေန္တော၀/ ယထာဝုတ္တသီသပရိစ္ဆေဒအနတိက္ကာမေန္တော၀

န-ပဒါနံ ဝိပ္ပကာတေ နုတ္တရေန သမာသော-ဟူသော နီတိသုတ်(၆၀၀)ကို ထောက်၍လည်းကောင်း၊တဝန္တုမာနန္တာဒိ ကိတန္တေဟိ ဝါကျမေဝ ဝတ္တိတဝိဘာသာ ဓိကာ ရတောအနာဘိဓာနတောဝါဟူသောရူပသိဒ္ဓိ(၁၉၃)ကိုထောက်၍လည်းကောင်း၊ ယထာဝုတ္တသီသပရိစ္ဆေဒံ အနတိက္ကာမေန္တော၀-ဟု ဝါကျအနေဖြင့်ရှိသောပါဌ်သာသင့်။

## ဝါကျစဉ်(၆၅) သီသေဘာရံ/သီသဘာရံ

အနိစ္စသမာသ်အရာ၌ ဝတ္တိစ္ဆာအားဖြင့် သမာသ်ဝါကျနှစ်ပါဌ်ဆိုနိုင်သောကြောင့် လည်းကောင်း၊ပါဠိအဋ္ဌကထာတို့၌လည်း သမာသ်ဝါကျနှစ်ပါးထင်သောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## ဂဟနဋ္ဌာနံ/ဂဟဏဋ္ဌာနံ

နဝ န ဂဟနာဒီသု (နီတိသုတ်၊၁၁၃၆။)ကို ထောက်၍ ဒန္တဇ နဖြင့် ဂဟနဋ္ဌာနံ ပါဌ်သာသင့်။(ရဟာဒိတော ဏ-သုတ်ဖြင့် ဥပါဒါနအနက်ဟော ဂဟဓာတ်နောင်သာ နကို ဏပြုရသည်။တစ်ပါးသော ဟကာရန္တဓာတ်တို့နောင် နကိုဏမပြုအပ်။)

(ဤ၌ ဟနဓာတ်-ဟု ဓာန်ဋီ၊၇၁၉။ဂါထာ၌ ဆိုသည်။ဂစ္ဆန္တံ ဟန္တီတိ ဂဟနံ)

## ဝါကျစဉ်(၆၆) အဒိန္နာဒါနဿ/အဒိန္နဒါနဿ

ဒါ ဒါနေ၊အာပုဗ္ဗော ဂဟဏေ၊နီတိဓာတု၊၇၄။၌ ဆိုသောကြောင့် ဤ၌ ဒါဓာတ်သည် ဒါနတ္ထ၌မဖြစ်၊ဂဟဏတ္ထ၌ ဖြစ်သောကြောင့် အာရှေးရှိသော အဒိန္နာဒါနဿ

http://www.dhammadownload.com



ပါဠိသင့်။

## ဝိနိစ္ဆယပ္ပသုတံ/ဝိနိစ္ဆယပသုတံ

ဝိနိစ္ဆယပ္ပသုတန္တိ ဝိနိစ္ဆယေ နိယုတ္တံ။(သာရတ္ထ)၌ သံဝဏ္ဏောတဗ္ဗ တည်ပုဒ်ပြုထား သောကြောင့်လည်းကောင်း၊သဒ္ဒရမှာ ပ ပဋိ ပတိနံ ပဿ ဒွိတ္တံ-ဟု နိရုတ္တိဒီပနီ၌ အသရနောင် ပ ပဋိ ပတိတို့၏ ပသည် ဒွေဘော်ဌာနဖြစ်သောကြောင့် ဝိနိစ္ဆယပ္ပသုတံ-ဟု ဒွေဘော်ဖြင့် ရှိသောပါဠိသာသင့်။

## ဝါကျစဉ်(၆၇) ဥက္ကောစံ/ဥက္ကောဋံ

ဥက္ကောစံ ဥက္ကောဋန္တိ စ ဒွေ ပရိယာယော-ဟူသော ယောဇနာကို ထောက်၍ နှစ်ပါဠိသင့်။

## ဝါကျစဉ်(၆၈) ခုရံ နိကခ္ခိပါပေတုံ/ခုရံ နိက္ခိပါပေတုံ

ခုရ ခာရဏေ၊အဿု။(ဓာန်ဋီ၊၃၇၅။)ဂါထာ။ခုရဝါဟိ ခေရယ္ယာ၊ဓာန်၊၄၉၆။ ဂါထာ၊ ဝန် ဟူသော အနက်ကို ခုရသဒ္ဒါကသာ ဟောနိုင်သောကြောင့်လည်းကောင်း၊ခုရ ဓာတ်၊ခ-၏အ-ကို ဥပြု၍ ပြီးသောကြောင့်လည်းကောင်း ခုရံ နိက္ခိပါပေတုံ-ပါဠိသင့်။

## အဘိယုဉ္ဇိတွာ/အဘိယုဉ္ဇိတွာ

အားထုတ်ခြင်း ယုဇဓာတ်ကိုသာ ဤ၌အလိုရှိအပ်၏။စစ်ထိုးခြင်း ယုဓဓာတ်ကို ဤ၌အလိုမရှိအပ်၊ထိုကြောင့် အဘိ+ယုဇ+ဓာတ်၊ရုဓာဒိဂိုဏ်း အပစ္စည်း၊နိဂ္ဂဟိတ်လာ၊တွာ ပစ္စည်း၊ဣအာဂုံတို့ဖြင့် ပြီးသောကြောင့် အဘိယုဉ္ဇိတွာ ပါဠိသာသင့်။

## ဝါကျစဉ်(၆၉) အပရဏ္ဏံ/အပရန္နံ

ပုဗ္ဗန္နတော အပရာဘာဂေ ပဝတ္တံ အန္နံ အပရန္နံ၊အပရဏ္ဏဉ္စ။ဓာန်ဋီ၊၄၅၀။ ဂါထာ၌ ဆိုသောကြောင့် နှစ်ပါဠိသင့်။

## နိရုမ္ဘိတွာ/နိရုမ္ပိတွာ/နိရုမ္ဘိတွာ/နိဒမ္ဘိတွာ

နိရုမ္ဘိတွာတိ အစ္ဆိန္ဒိတွာ၊ရုမ္ဘဓာတု အစ္ဆေဒနေ၊(ယောဇနာ)၌ ဆိုသောကြောင့် နိ+ရုမ္ဘ(ရုဗိ)ဓာတ်+တွာ ပစ္စည်း၊ဣအာဂုံတို့ဖြင့် ပြီးသော နိရုမ္ဘိတွာ ပါဠိသင့်။

နိဒမ္ဘော တု နိဒမ္ဘနေ။(ဆွဲဟ်ချုးသယ်ယူခြင်း၌)ဓာတွတ္ထ၊၂၁၄။ဂါထာ၌ နိဒမ္ဘ ဓာတ်ကို ပြဆိုသောကြောင့် နိဒမ္ဘိတွာ ပါဠိသင့်။

## ဝါကျစဉ်(၇၀) (က)အရညန္တိ အာဟ/အရညန္တိ ဝုတ္တံ

အနုပုဗ္ဗ တက်လာက၊တားကြအာဟမှန်-ဟူသော နိယံအရ (က)ဝါကျသည်

http://www.dhammadownload.com



အနုသန္ဓေဝါကျ ဖြစ်သောကြောင့် "အာဟ" ဖြင့် ရှိသော အရညန္တိ အာဟ ပါဠိသာသင့်။

## (င)အရညန္တိ အာဟ/အရညန္တိ ဝုတ္တံ

(င)ဝါကျသည် အနုသန္ဓေဝါကျမဟုတ်၊အရည-ဟု ထပ်ဆင့်ဆိုရပုံကို ပြလို၍ တက်လာသော ဝါကျဖြစ်ရကား "ကွေကောက်စကား တက်လာငြား၊ပုဒ်ထားဝုတ္တ မှန်" ဟူသော နိယံအရ အရညန္တိ ဝုတ္တံ ပါဠိသာသင့်။

## တံ အရညန္တိ အာဟ/အရညန္တိ အာဟ

(င)ဝါကျ ယံ မနုဿာနံ ပရိဂ္ဂဟိတံ ဟောတီတိ ဝတွာ ပုန အရညန္တိ ဝုတ္တံ ဟူသော အဖွင့်ကို ထောက်၍ တံ မပါသော အရညန္တိ အာဟ ပါဠိသာသင့်။

## ဝါကျစဉ်(၇၁) ဝနပ္ပတိ/ဝနမ္ပတိ

ဝနပ္ပတိဿ ပဿ မော ဝနပ္ပတိ ဝနမ္ပတိဝါ၊အထဝါ ပတိမှိ ဝနာကာရော အမံ ဝနမ္ပတိ-ဟူသော သဒ္ဒနီတိသုတ်တို့ကို ထောက်၍လည်းကောင်း၊ ယောဇနာ၌လည်း ဝနပ္ပတိ ဝနမ္ပတိစ ဒွေပါဌာ၊သဒ္ဒနီတိယမ္ပိ ဝနမ္ပတီတိ ဝုတ္တံ-အဖွင့်ကို ထောက်၍လည်းကောင်း နှစ်ပါဌ်သင့်။

## လဗုဇ/လဗုစ

လဗုနာမ ပဗ္ဗတေ ဇာယတီတိ လဗုဇော၊လဗုသဒ္ဒူပပဒ၊ဇန+ကွိ ပစ္စည်းဖြင့် ပြီးသောကြောင့် လဗုဇ ပါဌ်သာသင့်။

## ဝါကျစဉ်(၇၂) ရာဇဂ္ဂံ/ရာဇကံ/ရာဇဂ္ဃံ

ရာဇ+ဂဟဓာတ်+ကွိပစ္စည်း၊ဓာတွန် ဟနှင့်တကွ ကွိကိုချေ၊ဂဒွေဘော်လာ၍ ပြီးသောကြောင့် ရာဇဂ္ဂံ ပါဌ်သင့်။

ယင်း အဋ္ဌကထာ၌ပင် ရာဇကန္တိပိ ပါဌော၊အယမေဝတ္ထော-ဟု ဖွင့်ဆိုသော ကြောင့် လည်းကောင်း၊ရာဇကန္တိ ရာဇာယတ္တံ၊(သာရတ္ထ)၌ ဖွင့်ဆိုသောကြောင့်လည်း ကောင်း၊ရူပသိဒ္ဓိ ကုဒ်ံ ရာဇကံ-ဟု ဝစနတ္ထပြ၍ ပြီးသောကြောင့်လည်းကောင်း ရာဇကံ ပါဌ်လည်းသင့်။

ထိုရာဇဂ္ဂံ အဖွင့်၌ပင်လျှင် ယတော ရညော။ပ။အဂ္ဃနကံ သုကံ- စသဖြင့်အဓိပ္ပါယ်ဖွင့်ကို ထောက်ဆ၍လည်းကောင်း၊ဘဏ္ဍ+အဂ္ဃ နှစ်ပုဒ်စပ်၍ ဘဏ္ဍဂ္ဃ ပြီးသကဲ့သို့၊ရာဇ+ အဂ္ဃ ပုဒ်တို့ကို စပ်၍ပြီးနိုင်ရကား ရာဇဂ္ဃ ပါဌ်လည်း သင့်ပါသည်။

http://www.dhammadownload.com


## သုကီဃာတ/သုံကဃာတ

သုစ+ဏာ၊ဏာပစ္စည်းကြောင့် စကိုကပြု၊ဝါစာသိလိဋ္ဌ နိဂ္ဂဟိကဲလာ၍ ပြီးနိုင်သော ကြောင့်လည်းကောင်း၊နိဂ္ဂဟိတ်ကို ငပြု/မပြု ပြီးနိုင်ကောင်းသောကြောင့်လည်းကောင်း နှစ်ပါဋ္ဌသင့်ပါသည်။

## ဝါကျစဉ်(၇၃) ရာဇာရဟံ/ရာဇရဟံ

ရာဇရဟံ ရာဇာရဟန္တိ စ ဒွေပါဠာ-ဟု ယောဇနာ၌ဆိုသဖြင့် ဒီဃပြု/မပြုသာ ထူး၍ အနက်မထူးသောကြောင့် နှစ်ပါဋ္ဌသင့်။

## ဦရုနာ သန္ဓိ/ဥရုနာ သန္ဓိ

ဦရုနာ ဥရုနာတိစ ဒွေ ပါဠာ-ဟု ယောဇနာ၌ ဆိုသောကြောင့် ယင်းအလို နှစ်ပါဋ္ဌသင့်။ထိုသို့ ဆိုသော်လည်း အရ-ဂမနေ၊ဥ။အဿူကာရော-ဟု ဓာန်ဋီ၊၂၇၆။ ဂါထာနှင့်။အရ-ဂမနေ၊အဿ ဥဋ္ဌမုတ္တဥ္စ၊အရတိ မဟန္တဘာဝံ ဂစ္ဆတီတိ ဥရု၊(မဟာ) အရတိ အနေနာတိ ဥရု၊(သတ္တိ)-ဟု မောဂ္ဂလာန်၊၇၆။သုတ်၌ သဲဟောလျှင် ဥရု၊ပေါင် ဟောလျှင် ဦရု၊ဤ၌ ပေါင်(သတ္တိ)အနက် လိုအပ်ရကား ဦရုပါဋ္ဌသည် ယုတ္တတရဖြစ်၏။

## ဝါကျစဉ်(၇၄) ခနက္ကီတော/ခနက္ကိတော

ကီဓာတ်၊တပစ္စည်း ဖြင့်ပြီးသောကြောင့်လည်းကောင်း၊ကီဓာတ်သည် ဒွေဘော်ဌာန ဖြစ်သောကြောင့်လည်းကောင်း၊ဒီဃဖြင့်ရှိသော ခနက္ကီတော ပါဋ္ဌသာသင့်။

## ကရမရာနီတ/ကရမရာဏီတ

ရကာရန္တဓာတ်နောင် န အက္ခရာရောက်သော်လည်း အနအပြု၊အနီယပစ္စည်းတို့ န-မဟုတ်သောကြောင့် ဏ-မပြုနိုင်ရကား၊ကရမရာနီတ ပါဋ္ဌသာသင့်။

အနာနီယာဒိ နဃောဝ၊သမထျာယံ န-ဏာရဘာ။(ရူ၊၅၅၃။)သုတ်။

## ဝါကျစဉ်(၇၅) ပက္ခဇာတာ/ဇာတပက္ခာ

ဆန္ဒဇာတာဒီသု ဝိသေသနဝိသေသိတဗ္ဗာ ယဒိစ္ဆိတတ္တာ ဥဘယံ ပုဗ္ဗံ နိပတိ။ (ရူ၊၃၅၂။)သုတ်အဖွင့်အရ ဇာတသဒ္ဒါ ရှေ့နေ/နောက်နေ နှစ်ထွေသင့်နိုင်သောကြောင့် နှစ်ပါဋ္ဌသင့်။

## ဝဂ္ဂုလိ/ဝဂ္ဂုလီ

ပုံလိင်၌ ဝဂ္ဂုလိ-ဟု ရဿဖြင့်ရှိ၏၊ဣတ္ထိလိင်၌ ဣတ္ထီဇောတက ဤပစ္စည်း သက်၍ ပြီးသောကြောင့် ဝဂ္ဂုလီ-ဟု ဒီဃဖြင့် ရှိ၏၊ထိုကြောင့် နှစ်ပါဋ္ဌသင့်။

http://www.dhammadownload.com



ဝါကျစဉ်(၇၆) ဒုဋ္ဌပိတံ/ဒုတ္တပိတံ

ဋ္ဌပိတံ ထပိတံ ပါဌ်ကဲ့သို့ နှစ်ပါဌ်သင့်။ဤ၌ ဒုနောင်ဖြစ်၍ ဋ္ဌဘော်ရောက်ခြင်းမျှသာ ထူး၏။တစ်နည်း ပုဒ်တစ်ပုဒ်နောင်ရောက်သော ဋ္ဌကို ဋ္ဌပြု၍ ပြီးရကား ဒုဋ္ဌပိတံ ပါဌ်သာသင့်။

ဝါကျစဉ်(၇၇) ဩနီ/ဩဏီ

ပ ပရိနှင့် နိ ဥ ဩနောက်နေငယ်ရောက်၊မဖေါက် ဏကြီးပြန်လေပါ-နိယံ အရ ဩနောင်ရောက်သော နကိုဏပြန်၍ ပြီးရကား ဩဏီ ပါဌ်သာသင့်။

## ပသိဗ္ဗနာဒီ/ပသိဗ္ဗနာဒီ ပုန ပါကတိကံ

ပသိဗ္ဗနာဒီ-ချုပ်ခြင်း,အပ်လျှိုခြင်း,အစရှိသော။ပါကတိကံ-ပင်ကိုယ်သဘောရှိသည်ကို။ပသိဗ္ဗနာဒိ-အိတ်စသည်ကို။ပုန-တစ်ဖန်။ပါကတိကံ။ဤသို့ ဂဏ္ဌိ၌နှစ်ပါဌ်ရှိ၏။ ထိုအလိုနှစ်ပါဌ်သင့်။

နိဿယတို့၌ ပသိဗ္ဗနာဒီ ပါဌ်ကိုသာ အတ္ထယောဇနာကြ၏။

ပသိဗ္ဗကံ ဝါ ပုဋကံ ဝါ ဆိန္ဒိတွာ-ပါဌ်ဖြင့် အိတ်ကိုဖေါက်ပြီး,ဖြဲပြီး၍၊ယင်းအိတ်ကိုတစ်ဖန် ပြန်၍ပင်ကိုယ်သဘောအတိုင်းဖြစ်အောင် ချုပ်ခြင်းအဓိပ္ပါယ်ကို ပြရာဖြစ်သောကြောင့် ပသိဗ္ဗနာဒီပါဌ်သည်သာ ယုတ္တတရ။

ဝါကျစဉ်(၇၈) အညမညသညတ္တိယာ/အညမညပညတ္တိယာ

ပညတ္တိယာတိ ပဒံ ကတတ္တတိ ပဒေ တတိယဝိသေသနံ-ဟု ယောဇနာ၌ ဆိုသောကြောင့် ယင်းအလို အညမညပညတ္တိယာ ပါဌ်သင့်။

သတ္တိယာသည် သံ+ဉာ+တိပစ္စည်းဖြင့် ပြီးရကား ပညတ္တိယာနှင့်သံဥပသာရ၊ ပဥပသာရမျှသာထူး၍ အနက်မထူးသောကြောင့် အညမညသညတ္တိယာပါဌ်လည်းသင့်။

သံဝိဓာယပုဒ်၏ အဖွင့်ဖြစ်၍ သံဥပသာရရှေးရှိသော ဉာဓာတ်ဖြင့် ပြီးသော သဥ္စနနအနက်သည် ပဉပနအနက်ထက် ပို၍ဤနေရာ၌ သင့်တော်သောကြောင့်အညမည သညတ္တိယာ ပါဌ်သည် အတိယုတ္တ။

## (ဂ)သံဝိဒဟိတွာ/သံဝိဓဟိတွာ

သံ+ဝိ+ဓာဓာတ်၊တွာပစ္စည်း၊ဓာဓာတ်ကို ဓာ+ဓာဟု ဒွေဘော်ပြု၊ရှေ့ဓကိုဒပြု၊ နောက် ဓကိုဟပြု၊အာကို အရဿ၊ဣလာ၍ပြီးသောကြောင့် သံဝိဒဟိတွာ ပါဌ်သင့်။

ဝါကျစဉ်(၇၉) (ဂ)ဝုတ္တေ/ဝုတ္တော

http://www.dhammadownload.com



ဣတိ ဝစနေ ဘိက္ခုနာ ဝုတ္တော၊ ဝုတ္တောတိပိ အတ္ထိ-ဟု ယောဇနာ၌ ဆိုသော ကြောင့် နှစ်ပါဌ်သင့်။

### ပုရေဘတ္တံ အဝဟာရာတိ/ပုရေဘတ္တံ အဝဟရတူတိ

ပုရေဘတ္တံ ဝါ။ပ။တေန သင်္ကေတေန တံ ဘဏ္ဍံ အဝဟာရာတိ-ဟူသောပါဌ် တော်ကို ထောက်၍ မဋ္ဌမပုရိသ် တုမယောဂ တွံကတ္တားနှင့်ယှဉ်သောကြောင့် ပဥ္စမီဟိ-ဝိဘတ်ကျေသော ပုရေဘတ္တံ အဝဟာရာတိ ပါဌ်သင့်။

(ဘာသာဋီကာ၌ အဝဟရတု ပါဌ်ကို အနက်ယောဇနာတော်မူသည်။)

## ဝါကျစဉ်(၈၀) (ခ)တိဓာ/တိဝိဓာ

တီဟိ ပကာရေဟိ တိဓာ၊တိသချာနောင် ပကာရအနက်၌ ဓာပစ္စည်းသက်၍ ပြီးသောကြောင့် တိဓာပါဌ်သင့်။(မအူ)

တိသချာပုဒ်၊ပကာရအနက်ဝိဓ ပုဒ်တို့ကို တယော ဝိဓာ ယေသန္တိ တိဝိဓာ-ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့် တိဝိဓာ ပါဌ်သင့်။(ဘာဋီ)

တံ နိမိတ္တကမ္မံ၊ဟိဓာ ဘဂဝတာ ဝုတ္တံ။(ယောဇနာ)ကို ထောက်သော် ဟိဓာ ပုဒ်သည် မူရင်းပုဒ် ဖြစ်ဟန်ရှိ၏။

### (ဂ)ဂီဝုနာမန/ဂီဝုန္နာမန

ဟတ္ထာလင်္ကိစ ပါဏိပ္ပဟာရော စ အင်္ဂုလိဖောဋနဥ္စ ဂီဝုန္နာမနဥ္စ ဥက္ကေသနဥ္စ ဟတ္ထာ။ပ။နာနိ-ဟူ၍ ယောဇနာ၌ ဒွန်သမာသ် ဝိဂ္ဂဟကိုထောက်၍လည်းကောင်း၊နမုဓာတ် သည် ဥ-ဥပသာရနောင်ရောက်၍ " ဥ ဒ္ဒ နိနောက်၊ဒွေဘော်ရောက်၊မဖောက်ကေန်မြဲ" နိယံနှင့်အညီ ဒွေဘော်ဌာန ဖြစ်သောကြောင့်လည်းကောင်း ဂီဝုန္နာမန-ဟု ဒွေဘော်ဖြင့် ရှိသော ပါဌ်သင့်။(ဂဏ္ဌိ၌ ဂီဝုနာမန-ဟု ရှသဖြင့် ရှိပါသည်။)

### နိခနိဿာမိ/နိခဏိဿာမိ

နိ+ခဏ+ဿာမိ ဝိဘတ်ဖြင့် ပြီးသောကြောင့် နိခဏိဿာမိ ပါဌ်သင့်။ ခဏဓာတ်ကို မောဂ္ဂလာန်၌ ဆိုပါသည်။ကျမ်းတစ်ပါး၌ကား န-နှင့်သာရှိ၏။-ဟု ဓာတွတ္ထ၌ ဆိုသောကြောင့် ယင်းအလို နိခနိဿာမိ ပါဌ်သင့်။

ပဒတ္ထမဥ္ဇူသာ၌ နိခနိယာတိ-(နိ+ခနိ+ယ+တိ)မိုတ်အပ်၏။ပြုအပ်၏-ဟု နငယ် ဖြင့် ခနိဓာတ်ကို ဆိုအပ်၏။

## ဝါကျစဉ်(၈၁) နိယောဇိတောတိ/နိယောဇိတော

http://www.dhammadownload.com



ဣတိသဒ္ဒေါ သမာပနော-ဟု ယောဇနာ၌ ဆိုသောကြောင့် သမာပနတ္ထနိပါတ် ဣတိသဒ္ဒါဖြင့်ရှိသော နိယောဇိတောတိ ပါ၌သာသင့်။

## စတုန္နမ္ပိ ဇနာနံ/စတုန္နံ ဇနာနံ

လေးပါးပေါင်းမှ ပါရာဇိကကျသည်မဟုတ်၊တစ်ပါးစီတစ်ပါးစီ အသီးသီးလည်း ပါရာဇိကကျသည်ကို သိစေလိုသောကြောင့် အစိပ်အစိပ်ဆည်းသော အဝယဝတ္ထသမုစ္စည်း အပိသဒ္ဒါဖြင့်ရှိသော စတုန္နမ္ပိ ဇနာနံ ပါ၌သာသင့်။

## ဝါကျစဉ်(၈၂) အဓိဝတ္ထော/အဓိဝတ္ထော

အဓိပုဗ္ဗ၊ဝသဓာတ်+တပစ္စည်း၊ဓာတွန်နှင့်တကွ တပစ္စည်းကို ဥတ္ထပြု၊ဝ-နောင် ဥကိုချေ၍ ပြီးသောကြောင့်လည်းကောင်း၊တစ်နည်း သကိုတသို့ကပ်၊သ္တကိုတ္ထပြု၍ ပြီးသောကြောင့်လည်းကောင်း အဓိဝတ္ထော ပါ၌သာသင့်။

## တသ္မိံယေဝ သရီရေ/တသ္မိံ စ သရီရေ

သမုစ္စည်းအနက်လိုပ်သောကြောင့် တသ္မိံ စ သရီရေ-ဟု စဖြင့် ရှိသောပါ၌မှန်။

## ဝါကျစဉ်(၈၃) သိင်္ဂါလ/သိဂါလ

သရတိသ သိဂေါ၊သသာဒယော သရတိ ဟိံသတီတိ သိဂါလော၊ကောတ္ထု။ မောဂ်၊၇။၁၈၆။-ထောက်၍ သရဓာတ်ကို သိဂပြု၊နအနုဗန္ဓ်ရှိသော အာလပစ္စည်းဖြင့် ပြီးသောကြောင့် သိဂါလ ပါ၌သင့်။

သသာဒယော သရတိ ဟိံသတီတိ သိင်္ဂါလော။ကောတ္ထု။သရတိဿ သိင်္ဂေါ။ ဟု ဓာတွတ္ထ၌ ဆိုသောကြောင့် ယင်းအလို သိင်္ဂါလ ပါ၌သင့်။

## ကုလာလ/ကုလလ

ကုလဓာတ်+ကာလပစ္စည်းဖြင့် ပြီးသော ကုလာလပုဒ်ကား အိုးထိန်းသည်အနက် ကိုဟော၏။ကုလတိ အတ္တနော သိပ္ပံ ပတ္ထရတီတိ ကုလာလော။(ကုမ္ဘကာရော)ဤ၌ ယင်းအနက်ကို အလိုမရှိအပ်သောကြောင့် ကုလာလ ပါ၌မသင့်။

ကုလဓာတ်+ကလပစ္စည်းဖြင့် ကုလလပုဒ်သည်သာ ပက္ခီဇာတိ သိမ်းစွန်အနက် ကို ဟော၏။ကုလတိ ပက္ခေ ပသာရေတီတိ ကုလလော (ပက္ခီဇာတိ)ဤ၌ ယင်းအနက်ကို အလိုရှိအပ်ရကား ကုလလပါ၌သာသင့်။

## ဥပဒ္ဒဝါ/ဥပ္ပဒ္ဒဝါ

ဥ+ဒု+ဏပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ဥပ၏ ပဗျည်းသည် ဒွေ

http://www.dhammadownload.com



ဘော်ဌာနမဟုတ်၊ဥပနောင်ရောက်သော ဒုတိယ၏သာ ဒွေဘော်ဌာနဖြစ်သောကြောင့် ဥပဒ္ဓဝါ ပါဌ်သာသင့်။

## ဝါကျစဉ်(၈၄) ဝိကုဗ္ဗနိဒ္ဓိ/ဝိကုပ္ပနိဒ္ဓိ

ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေတီတိ။ပ။ပဝတ္တတ္တာ ဝိကုဗ္ဗနိဒ္ဓိ နာမ။ဝိမတိ၊၁။၂၀၅။၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ဝိ+ကရ+ဩ+ယုပစ္စည်း၊က၏အကိုဥ၊ဩကိုဥ၊ ဥကို ဝပြု၊ဓာတွန်ရကိုချေ၊ဝဒွေဘော်လာ၊ဝနှစ်လုံးဗပြု၊ယုကိုအနပြု၍ ပြီးသောကြောင့်လည်းကောင်း၊ ရူ(၅၂၂)အဖွင့် နိရုတ္တိဒီပနီ(၆၈၃)တို့၌ ကရကိုကုဗ္ဗပြု၍ပြီးသောကြောင့်လည်းကောင်း ဝိကုဗ္ဗနိဒ္ဓိ ပါဌ်သာသင့်။

### အာဝဋ္ဋနံ/အာဝတ္တနံ

အာပုဗ္ဗ+ဝဋ္ဋ(ဝတု)ဓာတ်နှစ်မျိုးလုံးပင် အာဝဋ္ဋန-ခြာခြာလည်ခြင်း အနက်ဟော နိုင်သောကြောင့် နှစ်ပါဌ်သင့်။

အက္ကမိတွာ ပဝတ္တေတီတိ။ပ။ဝဋ္ဋေန္တော ပရိဝဋ္ဋေန္တော ဝိဟေဌေန္တော ပါတေတိ။ဝိဋ္ဌ၊၁။၂၄၃။အဖွင့် ပရိယာယ် ကိုရှုပါ။

### ကဏ္ဌကော/ကဏ္ဍကော

ခဒိ ကဒိ ဆေဒနေ။ကဏ္ဋော်တီတိ ကဏ္ဋော-ဟု နီတိဓာတုမာလာ၌ ဆိုသောကြောင့် တတိယက္ခရာဖြင့်ရှိသော ကဏ္ဌကပါဌ်သင့်။

ကဏ္ဍတီတိ ကဏ္ဍကော-လောကီကျမ်းတို့၌ ရှုးဟောကဏ္ဍကသဒ္ဒါသည် ပထမက္ခရာဖြင့် ရှိ၏ဟု ဓာတွတ္ထဆို၏။ထိုဓာတွတ္ထ၌ တိုက်ရိုက်မဆိုသော်လည်း သာသနာတော်ကျမ်းတို့၌ကား ရှုးဟောသဒ္ဒါသည် တတိယက္ခရာဖြင့်သာ ရှိသင့်၏-ဟု အနက် ပြီးရကား နီတိဓာတုမာလာနှင့် ညီညွတ်၏။လောကီကျမ်းတို့အလို ကဏ္ဍက-ဟု ရှိသော ပါဌ်သင့်ပါသည်။

### ဒွေဘာယော/ဒွေဘိဿော/ဒွတ္တာယော

ပသုမှိ ဝသုဓာ ယဋ္ဌ၊ဝါစာဒေါ ဂေါ ပုမိတ္ထိယံ-ဓာန်(၈၆၉)နှင့်အညီ ဂေါသဒ္ဒါသည် ဣတ္ထိလိင် ပုံလိင်ဖြစ်သောကြောင့် ဒွေဘာယော/ဒွေဘိဿော ပါဌ်တို့သင့်။

သမာသ်ဝါကျမှုသာထုး၍ အနက်မထုးရကား ဒွတ္တာယော ပါဌ်လည်းသင့်။

### ဥဋ္ဌာပေန္တော/ဥဋ္ဌာပေန္တော (ဝိဋ္ဌ၊၁။၂၅၉။)

ဥဋ္ဌာပေန္တောကား ဥ+ဌိဓာတ်+ဏာပေ ပစ္စည်း၊အန္တပစ္စည်းဖြင့် ပြီးသောကြောင့်

http://www.dhammadownload.com



လည်းကောင်း၊ဣိစာတ်သည် ပျံ့သန့်ခြင်းအနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း ဥဋ္ဌာပေန္တော ပါဌ်သင့်။

ဥဋ္ဌာပေန္တောသည် ဥ+ဋ္ဌာစာတ်+ဏာပေ+အန္တပစ္စည်းဖြင့် ပြီးသောကြောင့်-လည်း ကောင်း၊ထစေခြင်းဟူသည် ပျံ့သန့်းခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်အနက်ရ အပ်သောကြောင့်လည်းကောင်း ဥဋ္ဌာပေန္တော-ပါဌ်လည်းသင့်။

## သုပ္ပပါတ/သုပ္ပိပါတ

သုပ္ပပါတော သုပ္ပိပါတောတိ စ ဒွေ ပါဌာ(ယောဇနာ)ကောက် နှစ်ပါဌ်သင့်။

## ဥဇုကမေဝ တိဋ္ဌတိ၊ဥဇုကမေဝ ပတတိ။(ဝိ၊ဋ္ဌ၊၁။၃၀၃။)

ဥဇုကမေဝ တိဋ္ဌတီတိ ဣမိနာ၀ စသည်ဖြင့် ဝိမတိဋီကာ၌ ဆိုသောကြောင့် ဥဇုကမေဝ တိဋ္ဌတိ ပါဌ်သင့်။

## သန္ထာရိတတ္တာ/သန္ထရိတတ္တာ/သန္တရိတတ္တာ

သန္ထာရိတတ္တာတိ ဆိန္နဿ ရုက္ခဿ ပတိတုံ အာရဒ္ဓဿ သန္ထာရဏာမတ္တေန ဝုတ္တံ-ဟု ဝိမတိ၌ ဖွင့်ဆိုသောကြောင့် သံ+ဓရ+တ+အာဝုဒ္ဓိ ရောက်၍ သန္ထာရိတတ္တာ ပါဌ်သင့်။ သန္ထရိတတ္တာတိပိ အတ္ထိ၊သမ္ဗန္ဓတ္တာတိ အတ္ထော။(ယောဇနာ)

ဂဏ္ဌိ၌ သန္တရိတတ္တာ ရှိ။(ခံသောကြောင့်-ဟု ပေးတော်မူ၏။)အထက်ပါဋီကာ အဖွင့် ရှုကမသင့်။

## ပါကာရော/ပကာရော

အကတ္တရိစ ကာရကော၊သညာယံ ဏော ရဿဿ ဒီဃတာ-ဓာန်ဋီ(၂၀၃) ဂါထာကို ထောက်၍ ပ၏အကို ဒီဃပြု၍ ပြီးရကား ပါကာရော ပါဌ်သင့်။

## ဣဋ္ဌကပါကာရံ/ဣဋ္ဌကာပါကာရံ

ဣဋ္ဌကာဟိ ကတော ပါကာရော ဣဋ္ဌကာပါကာရော၊ဣဋ္ဌကာ သဒ္ဒါသည် နိယတဣတ္ထိလိင် ဖြစ်၍၊သမာသ်လယ်မှာ ထီမြဲအာ၊ရဿမပြုရာ-ဟု ဆိုသော်လည်း ဤ၌ ဝါစာသိလိဋ္ဌအကျိုးငှါ ရဿပြု၍ပြီးသောကြောင့် ဣဋ္ဌကပါကာရံ ပါဌ်သာသင့်။

## မဉ္ဇူသာ/မဥ္ဇုသာ

မနိဿ ဇူက်၊မညတိ သခေတ္တံ တောယာတိ မဉ္ဇူသာ။ကတ္တုပေဋ္ဌာ။မနစာတ်+သက်ပစ္စည်း၊မနနောင် ဇူလာ၊နကိုနိဂ္ဂဟိတ်ပြု၊နိဂ္ဂဟိတ်ကို ဥပြု။မဉ္ဇူသာ ပါဌ်သင့်။ မောဂ်၊၇။၂၁၅။သုတ်။

http://www.dhammadownload.com



မန ဉာဏောဿော ဇု မန္တော၊ကိုထောက်၍ မန္တဿာ-ဟု ရဿဖြင့် ရှိသော ပါဠိသင့်။(ဓာန်ဋီ။၅၂၄)ဂါထာ။

## အယမေတ္တ သာမိစီ/အယမေတ္တ သာမီစိ

သမ္မာ ဘာဝေါ သာမိစီ၊ဏပစ္စည်းသက်၊တဒမိနာဒိသုတ်ဖြင့် စလာ၊အာကို ဣပြု၊မသံယုတ်ချေ၊ဝုဒ္ဓိပြု၊ဝီပစ္စည်းသက်ဟု မောဂ္ဂလာန်၊၄။၅၉။သုတ်၌ ဖွင့်ဆိုသော ကြောင့် သာမိ စီ-ပါဠိသင့်။(ပါဠိတော်တို့၌ သာမီစိကို အများစုတွေ့ရပါသည်။)

## ဣတော/ဘတော

ဣတောတိ ယာနဋ္ဌတော၊ဣတောတိပိ အတ္ထိ။ယောဇနာကို ထောက်၍ နှစ်ပါဠိ သင့်။အာသန္နပစ္စက္ခ အနက်ဟော ဣတောက ပိုကောင်းသည်။

**နိယံ။** ။အနီးကမ၊တေအလယ်၊အဝေးဝယ်၊တနယ်ဟူ၍မှတ်။

## ဂဠောဝါဠကာ/ဂလဝါဠကာ

သော ဂဏ္ဍော ဟိ ခန္ဓဘောဓ္မလေယျပေယျသန်ါတံ စတုဗ္ဗိဓံ အသနံ ဂလတိ ပဿောဝ ဟုတွာ ကုစ္ဆိယံ ပတတိ ဣတောတိ ဂလောတိ ဝုစ္စတိ။အာဝါဋ္ဌောယေဝ ခုဒ္ဒကဋ္ဌေန အာဝါဋ္ဌကော၊ခုဒ္ဒကတ္ထေ ဏော။ဂလေ ဋ္ဌိတော အာဝါဋ္ဌကော ဂလဝါဋ္ဌကော အကာရ တော ဟိ အာကာရဿ လောပေါ ပပဉ္စ အာဒိသု ဝိယ။(ပါစိတ်ယောဇနာ၊၁၃၂) ထောက်၍ ဂလပုဒ်+အာဝါဋ္ဌကပုဒ်၊ပပံ(ပ+အာပံ)ဟု ပုဒ်ပြီးသကဲ့သို့ ဤ၌ လနောင် အာကိုချေ၍ပြီးသောကြောင့် ဂလဝါဋ္ဌကပါဠိသာသင့်။

## သီသဿ တာဝ/သီသံ တာဝ

သီသဿ ပရိစ္ဆေဒေါ တာဝ ဝေဒိတဗ္ဗော၊သီသန္တိပိ အတ္ထိ-ဟု ယောဇနာကို ထောက်၍ နှစ်ပါဠိသင့်။

## မဏ္ဍူကကဏ္ဍကံ/မဏ္ဍူကကဏ္ဍကံ/မဏ္ဍူကကဏ္ဍကံ/ မဏ္ဍူကကဏ္ဍကံ။(ဝိ၄၊၁၊၃၀၃။)

မဏ္ဍူကကဏ္ဍကံ ဝါတိ ဝိသန္တိ မဏ္ဍူကဝန် နင်္ဂုဋ္ဌေ အဂ္ဂကောဋိယံ ဋ္ဌိတကဏ္ဍ ကန္တိ ဝဒန္တိ။(ဝိမတိ၊၁။၁၇၈။သာရတ္ထ၊၂။၁၄၈။မဏ္ဍောတိ ဇလံ ဘူသေတီတိ မဏ္ဍူကော။ ဘေကော။(မောဂ်၊၇။၂၅။)မဏ္ဍ+ဦက။မဏ္ဍ-ဘူသနေ။ဥကော။ဒီဃော။(ဓာနီဋီ၊၆၇၅) ဂါထာတို့ကို ထောက်၍ မဏ္ဍဓာတ်+ဦကပစ္စည်း။(တစ်နည်း)ဥကပစ္စည်း ဦဒီဃပြု၍ ပြီးသောကြောင့် မဏ္ဍူကကဏ္ဍကံ ပါဠိသာသင့်။

http://www.dhammadownload.com



**မဏ္ဍူကကဏ္ဍကံ ဝါ ဝိသံ/မဏ္ဍူကကဏ္ဍကံ ဝါ ဝိသံ ဝါ**

(ဝိ၊ဋ္ဌ၊၁။၃၀၃။)

**မဏ္ဍူကကဏ္ဍကံ ဝါ ဝိသံ/မဏ္ဍူကကဏ္ဍကံ ဝါ ဝိသံ ဝါ**

မဏ္ဍူကကဏ္ဍက နာမံ ဝိသံ ဝါ အဖွင့်ကိုထောက်၍ မဏ္ဍူကကဏ္ဍကံ ဝါဝိသံ ပါဠ်သာသင့်။

**ကီလာပေက္ခော/ကီဠာပေက္ခော**

ကီလာပေက္ခော/ကီဠာပေက္ခောတိ စ ဒွေ ပါဌာ-ဟု ယောဇနာ၌ ဆိုသော ကြောင့် နှစ်ပါဠ်သင့်၏။

ဓာတွတ္ထ၌ ကီလဓာတ်သည် ဗန္ဓနတ္ထ၊ကီဠဓာတ်သည် ကီဠာယံ-ကစားမြူးတူး ခြင်း၌-ဟုရှိပါသည်။ထိုအလို ကီဠာပေက္ခော ပါဠ်သာသင့်။

ရဿဖြင့် ကီလဓာတ်သည် ကီလနတ္ထ(ပင်ပန်းခြင်း အနက်၌)ဖြစ်၏။

**ဒုပါရာဇိကကဏ်စာစဉ် ပြီး၏။**

*******

**တ/စ ပါရာဇိကကဏ်စာစဉ်**

**ဝါကျစဉ်(၁) သဗ္ဗညုတပ္ပတ္တောယေဝ/သဗ္ဗညုဘာဝပ္ပတ္တောယေဝ**

တဒ္ဓိတ်ပုဒ်သမာသ်တို့မျှသာထူး၍ အနက်မထူးသောကြောင့် နှစ်ပါဠ်သင့်။

**သဗ္ဗာကာရေန/သဗ္ဗာကာရတော**

အနိစ္စတော စသည်၌ကဲ့သို့ တောပစ္စည်းသည်လည်း တတိယာဝိဘတ်အနက်ကို ဟောနိုင်သောကြောင့် သဗ္ဗာကာရေနနှင့်အနက်မထူးရကား နှစ်ပါဠ်သင့်

လိင်္ဂတ္တေ ကတ္တုကမ္မေသု၊ဟေတွတ္တေ ဝဓိသာမိသု။

ဝိသေသနေစ ဘုမ္မတ္ထေ၊နိဒ္ဒါရဏေစ တောဘဝေ။

**ဝေပုလ္လံ/ဝေပုလ္လတံ**

ဝိပုလဿ ဘာဝေါ ဝေပုလ္လံ-ဟု ဝစနတ္ထပြု၍ ဘာဝတဒ္ဓိတ်အနက်ကို ရရှိပြီး ဖြစ်သောကြောင့်လည်းကောင်း၊ကြီးကျယ်ခြင်းအနက်ဟော ဝေပုလ္လသဒ္ဒါကိုသာ အဘိဓာန် ၌ တွေ့အပ်သောကြောင့်လည်းကောင်း ဝေပုလ္လံ ပါဠ်သင့်။

ဝေပုလ္လပုဒ်နောင် သွတ္ထအနက်၌ တာပစ္စည်းသက်၍ ပြီးနိုင်ကောင်းသော ကြောင့် ဝေပုလ္လတံ ပါဠ်လည်းသင့်။

http://www.dhammadownload.com



## ဝိသာလီဘူတတ္တာ/ဝိသာလီဘူတတ္တာ

အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရစီ။(မောဂ်၄။၁၁၉။)ကရ အာသ ဘူဓာတ်တို့အယှဉ်ဝယ် အဘူတတဗ္ဘောအနက်၌ စီပစ္စည်းသက်၍ ပြီးသောကြောင့် ဝိသာလီဘူတတ္တာ ပါဌ်သင့်။

ယထာရဟမိဝဏ္ဏာဂမော ဘူကရေသု-ဟူသော နီတိသုတ်ကိုထောက်သော် နှစ်ပါဌ်လုံးသင့်။ဘူ ကရ ဓာတ်တို့အယှဉ် ထိုက်သင့်သည့်အားလျော်စွာ ဣ,ဤ လာနိုင်၏-ဟု ဆိုသောကြောင့်တည်း။

**ဝါကျစဉ်(၂) ဟံသဝဏ္ဏကစ္ဆဒနေန/ဟံသဝဏ္ဏကစ္ဆန္နေန**

ဟံသဝဏ္ဏကစ္ဆန္နေနာတိ ဟံသမဏ္ဍလာကာရဆန္နေန-ဟု သီ၊ဋီ၊သစ်။၌ ဖွင့်ဆိုသောကြောင့် ယင်းအလို ဟံသဝဏ္ဏကစ္ဆန္နေန ပါဌ်သင့်။

ဟံသဝဏ္ဏကစ္ဆဒနေနာတိ ဟံသဝဏ္ဏကပရိစ္ဆန္နေန-ဟု ဝိမတိ၊သာရတ္ထတို့၌ ဖွင့်ဆိုသောကြောင့် ဟံသဝဏ္ဏကစ္ဆဒနေန ပါဌ်သင့်။

**ဝါကျစဉ်(၃) အာဒိသ အာဒိသ/အာဒိဿ အာဒိဿ**

သံဝဏ္ဏနာ၌ အာဒိသန္တောကို ရှု၍ အာဒိသ+အန္တ တည်။န္တကို န္တကိုကဲ့သို့၌၊သိ နှင့်တကွ န္တကို အံပြု၊အာဒိသံ ပြီး၏။ယင်းအလို အာဒိသ အာဒိသ-ဟု သံယုတ်မဲ့ပါဌ် သင့်။

အာ+ဒိသ+ဒိဝါဒိ ယပစ္စည်း+အန္တ ပစ္စည်းကြံသော် အာဒိဿ အာဒိဿ-ဟု သံယုတ်ဖြင့် ရှိသောပါဌ်သင့်။

## မေထုနံဓမ္မသမာပတ္တိယာ/မေထုနဓမ္မသမ္ပတ္တိယာ

မေထုနဓမ္မေန သမင်္ဂီဘာဝတော-ဟု သာရတ္ထ၊၂။၁၇၈။၌ ဆိုသောကြောင့် သံ+ပဒ+ဓာတ်သည်သာ သမင်္ဂီအနက်ဟော၍၊ဘာဝတောဖြင့် တိပစ္စည်းဘာဝသာဓန အနက်၌ ဖြစ်၏။ထို့ကြောင့်, မေထုနဓမ္မသမ္ပတ္တိယာ ပါဌ်သင့်။

သံ+အာ+ပဒ ဓာတ်ကား ရောက်ခြင်း ပတ္တိအနက်ကိုသာဟော၏၊သမင်္ဂီအနက်ကို မဟော၊ထို့ကြောင့် မေထုနဓမ္မသမာပတ္တိယာ ပါဌ်မသင့်။ဋီကာ၌ရှိသော မေထုနဓမ္မသမာပတ္တိယာတိကား ပါဌ်မှားလျှက်ရှိသည်ဟု မန္တလေး ဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော်မိန့်။

**ဝါကျစဉ်(၄) ကမ္မဝိပါကော နာမ/ကမ္မဝိပါကံ နာမ**

http://www.dhammadownload.com



ဝဋ္ဋတိ သက္ကာ၊တုံလာယှဉ်ငြား၊ကတ္တား တတိယာ၊ကံပထမာ၊ရုံခါမမြဲကြ-ဟူသော နိယံအရ ကံ၌ ပထမာဝိဘတ်မမြဲဟု ဆိုသောကြောင့် နှစ်ပါဌ်သင့်။

**မှတ်ချက်။** ။သက္ကသဒ္ဒါနှင့် ယှဉ်ရာ၌ ပဌမာဝိဘတ်အတွေ့များ၏။

ပုံစံ။ ။ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ စသည်ရှု။

## သုဂတိပရာယဏာ/သုဂတိပရာယနာ

ပရံ အယနံ ပရာယနံ၊သုဂတိ ပရာယနံ ဧတေသန္တိ သုဂတိပရာယနာ-ဟူသော ယောဇနာ ဝိဂ္ဂဟကိုထောက်၍ ဒန္တဇပဥ္စမက္ခရာဖြင့် ရှိသော သုဂတိပရာယနာ ပါဌ်သင့်။

သမ္ဗောဓိပရာယဏောပုဒ်ကဲ့သို့ နကိုဏပြန်၍ ပြီးသည်ကို တွေ့မြင်အပ်သော ကြောင့်လည်းကောင်း ပဒတ္ထမဉ္ဇူသာ၌ ပရာယနာ/ပရာယဏာ နှစ်ပုဒ်ကိုပရိယာယ်တူ ပြဆိုသောကြောင့် လည်းကောင်း မုဒ္ဓဇပဥ္စမက္ခရာဖြင့် ရှိသောပရာယဏာပါဌ်လည်းသင့်။

## ဝါကျစဉ်(၅) အာရောစယိတာပိ/အာရောစိတာပိ

ယောဇနာ၌ အာရောစိတာပိ-ဟု ရှိငြားသော်လည်း အာရေးရှိသော ရုစဓာတ် သည် ပြောဆိုခြင်းအနက်ဟောသော စုရာဒိဂိုဏ်းဖြစ်ရကား အာ+ရုစ+ဏယ+တပစ္စည်း၊ က္လအာဂုံတို့ဖြင့် ပြီးသောကြောင့် အာရောစယိတာပိ ပါဌ်သာသင့်။

## ဝါကျစဉ်(၆) အနေကကာ ရဏာသမ္ဘိဿော/အနေကာ ကာ ရသမ္ဘိဿော

ကာယဿ အသုစိဒုဂ္ဂန္ဓဇေဂုစ္ဆပဋိကူလာဘာဝအနေကကာရဏံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် အနေကကာရဏာသမ္ဘိဿော ပါဌ်သာသင့်။

## ယုတ္တပယုတ္တာ/ယုတ္တပ္ပယုတ္တာ

ဝိပ္ပယုတ္တော ဝိပ္ပယောဂေါ ပြယုဂ်၌ကဲ့သို့ ယုဇဓာတ်၏ရှေး၌ရှိသော ပဥပ သာရသည် ဒွေဘော်၌အနုဖြစ်ရကား ယုတ္တပ္ပယုတ္တာ-ဟု ဒွေဘော်ဖြင့် ရှိသောပါဌ်သင့်။

ဒွေဘော်သည် အနိစ္စဝိဓိဖြစ်သောကြောင့် ယုတ္တပယုတ္တာ ပါဌ်လည်းသင့်။

ယုတ္တာပုဒ်+ပယုတ္တာပုဒ်-ဟု ဝါကျကြံကလည်း အနက်မထူး၍ သင့်မည်သာ။

## ဝါကျစဉ်(၇) သီသံန္ဟာတော/သီသန္ဟာတော

ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်လာ၍ ပြီးသောကြောင့် သီသံန္ဟာတော ပါဌ်သာသင့်။

သီသံန္ဟာတောတိ သီသံ ဓောဝိတွာ န္ဟာတောတိ အတ္ထော။နီတိ၊ဓာ၊၂၄၁။

http://www.dhammadownload.com



## နှာတော/နဟာတော

အပွက္ခရာနံ ဗဟုဘာဝေ နဟာယတိ-ဟူသော နီတိ၊ဓာ၊၂၄၁။ကိုထောက်၍ အနက်မထူးရကား နှစ်ပါဠ်သင့်။

## မဏ္ဍနကဇာတိကာ/မဏ္ဍနကဇာတိယာ

ကနှင့်ယတို့သည် ကာရိကာရိယမျှသာထူးသောကြောင့် နှစ်ပါဠ်သင့်။

သကျပုတ္တိကာ/သကျပုတ္တိယာတို့ကဲ့သို့တည်း။

## ဝါကျစဉ်(၈) သိခါမတ္တံ/သိခမတ္တံ

သိခါသဒ္ဒါသည် နိယတဣတ္ထိလိင်သဒ္ဒါဖြစ်၍ ရဿမပြုအပ်သောကြောင့် သိခါမတ္တံ ပါဠ်သာသင့်။နိယံရေးပြီး။

## အံသေကတ္တာ/အံသံကတ္တာ

ကရဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံရှိငြားသော်လည်း ဒွိကမ္မကဓာတ် မဟုတ်သောကြောင့်လည်းကောင်း၊ဧကံ-ဟု ကံပုဒ်ရှိပြီးဖြစ်သောကြောင့်လည်းကောင်း၊ ယင်းကံပုဒ်၏မှီရာ အာဓာရကို လိုအပ်သောကြောင့်လည်းကောင်း အံသေကတ္တာ-ဟု သတ္တမီဝိဘတ်ဖြင့်ရှိသော ပါဠ်သာသင့်။

## ဝါကျစဉ်(၉) သမနုညာ အပဟောသုံ/သမနုညာပေသုံ

သမနုညာပေသုံန္တိ အနုဇာနာပေသုံ။(ယောဇနာ)၌ ကာရိတ်ကြိယာအဖြစ်ဖြင့် ဖွင့်ပြ အပ်သောကြောင့် သမနုညာပေသုံ ပါဠ်သင့်။

အရိယာပုဒ်၏ ဝိကတိကတ္တားဖြစ်သောကြောင့်လည်းကောင်း၊နိဿျတို့၌လည်း ယင်းသမနုညာပါဠ်ကိုသာ အတ္ထယောဇနာတော်မူကြသောကြောင့်လည်းကောင်း၊ခွင့်ပြု ခြင်း အနက်ဟောရာတွင် သမနုညာပါဠ်ကိုသာ အသုံးတွေ့အပ်သောကြောင့်လည်းကောင်း သမနုညာ အပဟောသုံ ပါဠ်လည်းသင့်။

## လောဟိတကံ/လောဟိတဂတံ

လောဟိတပုဒ်နောက် ကပစ္စည်းသက်၍ ပြီးသောကြောင့်လည်းကောင်း၊အလိုရှိ အပ်သောအနက် ရအပ်သောကြောင့်လည်းကောင်း လောဟိတကံ ပါဠ်သင့်။

လောဟိတဂတန္တိပိ ပဌန္တိ-ဟု သာရတ္ထဋီကာ၌ မူကွဲပါဠ်ကိုဖွင့်ဆိုသောကြောင့် လောဟိတဂတံ ပါဠ်လည်းသင့်။

## ဝါကျစဉ်(၁၀) ပုညသမ္မတာ/ပုညသမတာ

http://www.dhammadownload.com



သံပုဗ္ဗ မနခာတ်+တ္တပစ္စည်း၊ကအနုဗန်နှင့်တကွခာတွန် နကိုချေ၊နိဂ္ဂဟိတ်ကို မပြု၍ ပြီးသောကြောင့် ပုညသမ္ဘတာ ပါဌ်သင့်။(ဘျာဒီဟိမတိဗုဓိပူဇာဒီဟိ ဧတ္တာ-သုတ်ရှု)ဆင်တဲဂဏ္ဌိပောင်း၌ ပုညသမတော-ဟု ဒွေဘော်မဲ့ ပါဌ်ရှိ၏။ထိုသို့ပင်ရှိငြားသော်လည်း ယင်းသုတ်အဖွင့်နှင့်မညီသောကြောင့် မသင့်ပါ။

## (ခ)သောပိ/သော

အပိသဒ္ဒေါ အဩေ ဇနေ အပေက္ခတိ-ဟု ယောဇနာဖွင့်ဆိုသောကြောင့် သောပိ ပါဌ်သင့်။

## ဝါကျစဉ်(၁၁) အာယတိံ/အာယတိ

အာယတိသဒ္ဒါသည် အာဂမိကာလတ္ထ(အနာဂါတ်အနက်ဟော)နာမ်ပုဒ်ကြံ၍ ယင်း နာမ်ပုဒ်နောင် ကာလတ္ထသတ္တမီအနက်၌ ဒုတိယာဝိဘတ်သက်၍ ပြီးသောကြောင့် အာယတိံ ပါဌ်သင့်။

အာယတိသဒ္ဒါသည် ကာလတ္ထသတ္တမီနိပါတ်ဖြစ်၍ ယင်းနိပါတ်နောင် သတ္တမီဝိဘတ်ချေ၍ ပြီးသောကြောင့် အာယတိ ပါဌ်လည်းသင့်။(ဒုပါရာဇိကဏ်၌ ဆုံးဖြတ်ခဲ့ပြီး)

## တမေဝတ္ထံ/တဒေဝတ္ထံ

ဝါကျအရာ နိဂ္ဂဟိတ်ကို ဒအပြုသည် နပုံလိင်နောင်းရာ၌ဖြစ်ပြီး၊မ-အပြုသည် ပုံလိင်,ဣတ္ထိလိင်အရာ၌ ဖြစ်ရကား ဤ၌ အတ္ထသဒ္ဒါသည် ပုံလိင်ဖြစ်ရကား မ-လာ၍ ပြီးသင့်သောကြောင့် တမေဝတ္ထံ ပါဌ်သင့်။(ပထမပါရာဇိက ဝါကျစဉ်(၂)

## အယမေတ္ထ/အယံဟေတ္ထ

တမေဝတ္ထံ ဒဋ္ဌ ကရောတိ-ဟူသောစကားကို ထောက်ခံရန် ယုတ္တိဝါကျဖြစ်သောကြောင့်လည်းကောင်း၊နိသျတို့၌ ဟိ-သဒ္ဒ-ဟု ယုတ္တိဇောတကတ္ထ နိပါတ်ကြံ၍ အနက်ယောဇနာသောကြောင့်လည်းကောင်း အယဟေတ္ထ ပါဌ်သာသင့်။

**မှတ်ချက်။** ။ဝါကျအစ၌ အယံဟေတ္ထ အဓိပ္ပါယော၊ဝါကျအဆုံး၌ အယမေတ္ထ အဓိပ္ပါယော-ဟု ရှိရမည်ကို သတိပြုပါကုန်။

## တမေဝတ္ထံ/တမေဝ အတ္ထံ

ပုဒ်စပ် ပုဒ်ဖြတ်မျှသာထူး၍ အနက်ထူးခြားမှုမရှိသောကြောင့်လည်းကောင်း၊လိုအပ်သောအနက်ပြီးသောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၁၂) ဒုလ္လဒ္ဓံ/ဒုလဒ္ဓံ

http://www.dhammadownload.com


ဥ ဒု နိနော၀က်၊ဒွေဘော်ရောက်၊မဖောက်ကေန်မြဲ-နိယံအရ ဒုနောင်ရောက်သော ကြောင့် ဒွေဘော်ဖြင့် ဒုလ္လဒ္ဓံ ပါဌ်သင့်။

## ယွာဟံ/ယောဟံ

ကသ္မာ ဣတိ စေ ပုစ္ဆေယျ၊ယွာဟံ။ပ။ဝေါရောပေသိတိ ဝဒေယျံ-ဟု ယောဇနာ ၌ ဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း၊သြကိုပပြု၍ ပြီးနိုင်ကောင်းသောကြောင့် လည်းကောင်း ယွာဟံ ပါဌ်သင့်။

သြကိုဝပြုခြင်းသည် နိစ္စဝိဓိမဟုတ်၊အနိစ္စဝိဓိဖြစ်သောကြောင့် သြကိုဝမပြု သော် ယောဟံ ပါဌ်လည်းသင့်။

**မှတ်ချက်။** ။ဝမောဒုဒန္တာနံ သုတ်အဖွင့်၌ ယွာဟံ/ယောဟံ-ဟု ဒွိရုပ်ကို ပြသည်။

## ဝါကျစဉ်(၁၃) ပရိမောစေတိ/ပရိမောစေသီတိ

(ဂ) သံဝဏ္ဏနာဝါကျသည် ပဒတ္ထသံဝဏ္ဏနာဝါကျဖြစ်၍ သမာပနတ္ထဣတိ နိပါတ်ကို အလိုရှိအပ်သောကြောင့်လည်းကောင်း၊ဣတိ(အဝေဿာ)ဟု နိသျတို့၌ အတ္ထယောဇနာ သောကြောင့်လည်းကောင်း ပရိမောစေသီတိ-ဣတိဖြင့်ရှိသော ပါဌ်သင့်။

## မိလက္ခာ ဝိယ/မိလက္ခု ဝိယ

မိလေဆ-အဝိယတ္တာယံ ဝါစာယံ၊မိလေစ္ဆတိ၊မိလက္ခူ။(နီတိဓာ)

မိလေစ္ဆော မိလစ္ဆတီတိ မိလက္ခူ။(ဓာတွတ္ထ)မိလေဆ(မိလေစ္ဆ)ဓာတ်+ခု ပစ္စည်း ဖြင့် ပြီးသောကြောင့် မိလက္ခု ဝိယ ပါဌ်သာသင့်။

မိလက္ခ-အဗျတ္တသဒ္ဒေ၊မိလက္ခန္တေ အဗျတ္တံ ဘာသန္တေတိ မိလက္ခာ။(ဓာန်ဋီ) မိလက္ခဓာတ်+အပစ္စည်းဖြင့် ပြီးသောကြောင့် မိလက္ခာ ဝိယပါဌ်လည်းသင့်။

## ဝါကျစဉ်(၁၄) ဥဒ္ဓံ ဋ္ဌိတလောမတာ/ဥဒ္ဓဋ္ဌိတလောမတာ

ဥဒ္ဓံပုဒ်သည် သတ္တမျန္တနိပါတ်ပုဒ်ဖြစ်၍ နိဂ္ဂဟိတ်ဖြင့် ရှိနိုင်ကောင်းသောကြောင့် ဥဒ္ဓံ ဋ္ဌိတလောမတာ ပါဌ်သင့်။

ဥဒ္ဓကမ္မ၊ဥဒ္ဓကမ္မဒေဟိတ ပုဒ်တို့ကဲ့သို့ ဂါစာသိလိဋ္ဌအကျိုးငှါ နိဂ္ဂဟိတ်ကိုချေ ၍ ပြီးနိုင်ကောင်းသောကြောင့် ဥဒ္ဓဋ္ဌိတလောမတာ ပါဌ်လည်းသင့်။

## သဗ္ဗမွေတံ/သဗ္ဗမေတံ

သဗ္ဗမ္ပေဘန္တိ သဗ္ဗမ္ပိ တေတံ ဘယာဒိကံ-ဟု ယောဇနာ၌ ဆိုသောကြောင့်လည်း ကောင်း၊တစ်ပါးစီသော ဘယစသည်မဖြစ်ဟု အစိပ်စိပ်ကိုဆည်းသော သမုစ္စယဇော

http://www.dhammadownload.com


တကတ္တ အပိသဒ္ဒါ ရှိသင့်သောကြောင့်လည်းကောင်း သဗ္ဗမွေတံ-ပါဌ်သင့်။

**ဝါကျစဉ်(၁၅) ဧကီဘာဝတော/ဧကီဘာဝကော**

စီကြိယတ္တေဟိ။မောဂ်၊၃။၁၄။သုတ်အရ ကြိယာအနက်ကိုဟောသော သဒ္ဒါနောင် စီပစ္စည်းသက်၍ ပြီးသောကြောင့် ဧကီဘာဝတော ပါဌ်သင့်။

**ဝိရဠ္ဌဝိရဋ္ဌော ဝိယ/ဝိရဠ္ဌဝိရဋ္ဌော ဝိယ**

ဝိရဋ္ဌံ ပေလဝံ တနု။ဓာန်၊၇၀၇။ဂါထာအရ တနုသဒ္ဒါ၏ ယှဉ်ဘက်ဖြစ်၍ ဝိရဠ္ဌဝိရဋ္ဌော ဝိယ ပါဌ်သာသင့်။

**ဝါကျစဉ်(၁၆) အာနာပါန/အာနာပါဏ**

ဂဏ္ဍိ၌ မုဒ္ဓဇပဉ္စမက္ခရာ ဏဖြင့်ရှိသော်လည်း အာနံ ဝုစ္စတိ ဗဟိနိက္ခမနဝါတော တတော အပဂတံ အပါနံ-ဟု ဓာန်ဋီ၌ ဒန္တဇပဉ္စမက္ခရာ နဖြင့်ဖွင့်ဆိုသောကြောင့်အာနာပါန-ဟု ရှိသော ပါဌ်သင့်။

အပါန၌ ပ+အန၊ပဥပသာရကြောင့် ပမာဏပုဒ်ကဲ့သို့ နကိုဏပြု၍ ပြီးသောကြောင့် မုဒ္ဓဇပဉ္စမက္ခရာဖြင့် ရှိသော အာနာပါဏ ပါဌ်လည်းသင့်။(ဘာဋီနှင့်ထောမနီတိ)

**ဗဟုလီကတော/ဗဟုလီကတော**

အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရ စီ-မောဂ်၊၄။၁၁၉။သုတ်။ အဘူတတဗ္ဘာဝအနက်၌ ကရဓာတ်အယှဉ် စီပစ္စည်းသက်၍ ပြီးသောကြောင့် ဤအက္ခရာဖြင့်ရှိသော ဗဟုလီကတော ပါဌ်သင့်။အဗဟုလောပိ ဗလုလောဝိယ ကတော ဗဟုလီကတော။

**ဓဝမေတ္တ/ဓဝမွေတ္တ**

နယန္တရ ဝါသဒ္ဒါပါပြီးဖြစ်၍ သမုစ္စည်းအနက်ကို ရနိုင်သောကြောင့် ပိသဒ္ဒါသည် ဆည်းဖွယ်ရာအနက်မရှိ၊ထို့ကြောင့် ဓဝမေတ္တ ပါဌ်သာသင့်။

**ဝါကျစဉ်(၁၇) ပဋ္ဋိကုလ/ပဋ္ဋိကူလ**

အာဟာရေ ပဋ္ဋိကူလသညာ စသည်တို့ကဲ့သို့ ကူလဓာတ်၏ အာဒိဗျည်းသည် ဒွေ ဘော်ဌာနမဟုတ်သောကြောင့် ပဋ္ဋိကူလဟူသော ဒွေဘော်မဲ့ပါဌ်သင့်။

**မှတ်ချက်။** ။စာအုပ်တို့၌ကား ပဋ္ဋိက္ကူလ-ဟု ဒွေဘော်ပါဌ်ဘို့ကို အတွေ့များ၏။

အဋ္ဌသာလိနီ အဿုဘကထာရှု။

**ဝါကျစဉ်(၁၈) ပရိကမ္မေန ဝါ/ပရိကမ္မံ ဝါ**

http://www.dhammadownload.com


ပရိကမ္မံ ဝါတိ ကသိဏပရိကမ္မံ။(ဝဇီရဗုဒ္ဓိ)ပရိကမ္မံ ဝါ သန္တာဘာဝနိမိတ္တံ။ (သာရတ္ထ)ဤသို့ ဋီကာတို့၌ ပဌမန္တကို ဖွင့်ဆိုသောကြောင့် ပရိကမ္မံ ဝါ ပါဌ်သင့်။

ဥပစာရေန ဝါ-ဟူသော သဒ္ဒန္တရိတ်ကို ထောက်၍ ယင်းနှင့်အလားတူ တတိယန္တ ဖြစ်သင့်သောကြောင့်လည်းကောင်း၊သန္တအဖြစ်၏ အကြောင်းပြစကား ဖြစ်နိုင်သောကြောင့်လည်းကောင်း၊ပရိကမ်ကြောင့်လည်း သန္တအဖြစ်မရှိဟူသော အနက်အဓိပ္ပါယ်ကို ရနိုင်သောကြောင့်လည်းကောင်း ပရိကမ္မေန ဝါ ပါဌ်လည်းသင့်။

## အာဒိမနသိကာရတော/အာဒိသမန္နာဟာရတော

မနသိကာရပုဒ်။သမန္နာဟာရပုဒ်တို့သည် အာဝဇ္ဇန်းကို ရသောပုဒ်တို့ဖြစ်သောကြောင့်လည်းကောင်း၊သာရတ္ထဋီကာ၌ အာဒိမနသိကာရတောပုဒ်ကိုဖွင့်ဆိုပြီး၊ဝဇီရဗုဒ္ဓိဋီကာ၌ အာဒိသမန္နာဟာရတော ပုဒ်ကိုဖွင့်ဆိုသောကြောင့်လည်းကောင်း နှစ်လုံးသွင်းခြင်း အနက်အဓိပ္ပါယ်ကို နှစ်ပုဒ်လုံး၌ ရနိုင်သောကြောင့်လည်းကောင်း နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၁၉) အရိယမဂ္ဂဝုဋ္ဌိပ္ပတ္တော/အရိယမဂ္ဂဝုဋ္ဌိပ္ပတ္တော

ဝဍ္ဎ ဝဍ္ဎနေတိ ဒလောပေါ်၊ဓေဟာဟေဟိ ဓဟာစ၊အဿုဝုဍ္ဎိ ဝုဍ္ဎိပိ-ဟူသော ဓာန်ဋီကို ထောက်၍ နှစ်ပါဌ်သင့်။(ဓာန်ဋီ၊၇၀၆။)ဂါထာ

## အဋ္ဌမာသေ/အဒ္ဓမာသေ

မဟာဝဂ္ဂအာနာပါနသံယုတ္တ အဋ္ဌကထာ၌ ဓွေဆောင်းကို ရည်ရွယ်၍ အဋ္ဌမာသော-ဟုရှိ၏။ထိုကြောင့် အဋ္ဌမာသေ ပါဌ်သင့်။

အာသဠှစုဏ္ဏပက္ခေ သကလံ အဒ္ဓမာသံ-ဟူသော နောက်ပါဌ်ကိုထောက်၍ အဒ္ဓမာသံ ပါဌ်သင့်။

## ဦဟတံ/ဥဟတံ

ဥ+ဟန+တ။ဟနဓာတ်သည် ဂတိအနက်ဟော သတ္တတ၌(ဉရ်)ရှိသောကြောင့် ရ်အစား ဥကိုဦဒီဃပြု၍ ဦဟတံ ပါဌ်သင့်။(ဘာဋီ)

ဥကို ဥဒ္ဓံအနက်ဟောကြံ၍ ဒီဃမပြုသော် ဥဟတံ ပါဌ်သင့်။သံဝဏ္ဏနာဥဒ္ဓံ ဟတံ ရှ။

## ဝါကျစဉ်(၂၀) အာသဠှစုဏ္ဏပက္ခေ/အာသဠှီစုဏ္ဏပက္ခေ

အသယော ရဝိ အတြာတိ အာသဠှော၊ယဿ ဠှော။ဓာန်ဋီ။

ဥတ္တရာသာဠှာယ ယုတ္တော မာသော အာသဠှော၊အာသဠှီ ဝါ(ရှ)တို့၌ ပုံလိင်၊

http://www.dhammadownload.com


ဣတ္ထိလိင် နှစ်လိင်ဖွင့်ဆိုသောကြောင့် နှစ်ပါဌ်သင့်။

**အဒ္ဓမာသံ/အဒ္ဓမာသေ**

ဤ၌ ကာလအစ္စန္တသံယောဂဖြစ်သောကြောင့် သကလံ ဟူသော သဒ္ဒန္တရိတ်ကို ထောက်၍ ဆယ့်ငါးရက်ပတ်လုံး မိုးရွာ၏-ဟု အဓိပ္ပါယ်ရသောကြောင့် အဒ္ဓမာသံ-ဟု ဒုတိယာဝိဘတ်ဖြင့် ရှိသောပါဌ်သင့်။

**ဝါကျစဉ်(၂၁) အညေဟိ/အညေ**

အညေဟီတိ သကာယပဋိညာယသစ္စာဘိညေဟိ-ဟူ၍ မူလပဏ္ဏာသပါဠိ။ (နှာ။၉၂။)အောက်ချေမှတ်ချက် ဖွင့်ဆိုသောကြောင့် ယင်းအလို အညေဟိ ပါဌ်သင့်။

နိဿယတို့၌ ဗရပ္ပဝါဒါပုဒ်၏ ဝိသေသန ပုဒ်အဖြစ်ဖြင့် အတ္ထယောဇနာသော ကြောင့် ထိုနိဿယများအလို အညေပါဌ်သင့်။

**အယံ ဟေတ္ထ/အယမေတ္ထ**

တမေဝတ္ထံ ပါကဋံ ကတွာ ဒဿေတုံ အယံ ဟီတိ အာဒိမာဟ-ဟူ၍ ဋီကာ ၌ တပ္ပါကဋီကရဏာဓောတက ဟိနိပါတ်ဖြင့် ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ဟီတိ ဟိသစ္စံ-ဟူ၍ ယောဇနာ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း ဝါကျတ္ထဓောတက ဟိနိပါတ်ဖြင့်ရှိသော အယံ ဟေတ္ထ ပါဌ်သင့်။

**ဝါကျစဉ်(၂၂) ဓာတုစရိယာနုကူလံ/ဓာတုစရိယာနုရူပံ**

သေမှာဒိဓာတုတ္တယဿ မောဟာဒိစရိတတ္တယဿ အနုကူလံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ဓာတုစ စရိယာနိစ ဓာတုစရိယာနိ၊ဓာတုစရိယာနံ အနုကူလံ ဓာတုစရိယာနုကူလံ-ဟု ယောဇနာ၌ ဝိဂ္ဂဟကိုတွေမြင်အပ်သောကြောင့် လည်းကောင်းဓာတုစရိယာနုကူလံ-ပါဌ်သာသင့်။

**အလီနာနုဒ္ဓစ္စပက္ခိကံ/အလီနာနုဒ္ဓစ္စပက္ခ**

အလီနာနုဒ္ဓစ္စပက္ခ-ဟုရှိသော်လည်း လီဓာတ်ဖြင့်ပြီးသောကြောင့်လည်းကောင်း၊ အလီနာနုဒ္ဓ စ္စပက္ခေ ဘဝါ အလီနာနုဒ္ဓစ္စပက္ခိကံ-ဟုဘဝအနက်၌ ဣယပစ္စည်းသက်၍ပြီး သောကြောင့် လည်းကောင်း အလီနာနုဒ္ဓစ္စပက္ခိကန္တိ အသင်္ကောစာဝိက္ခေပပက္ခိကံ-ဟု သာရတ္ထ၌ ဖွင့်ဆို အပ်သောကြောင့်လည်းကောင်း အလီနာနုဒ္ဓစ္စပက္ခိကံ ပါဌ်သာသင့်။

**ဝါကျစဉ်(၂၃) အာဘုဇိတွာ/အာဘုဉ္ဇိတွာ**

ရုဓာဒိဂိုဏ်း ဘဉ္ဇဏတ္ထ ဘုဇဓာတ်ကို အလိုမရှိအပ်၊အာဗန္ဓိတွာ-ဟူသော

http://www.dhammadownload.com



သံဝဏ္ဏာ နာကိုထောက်၍ ဘူဝါဒိဂိုဏ်း ကောဋ္ဌိလ္လတ္ထ ဘုဇဓာတ်ကိုသာ အလိုရှိအပ်သော ကြောင့် အာဘုဉ္ဇိတွာ ပါဌ်သင့်။

**ဝါကျစဉ်(၂၄) နာ်ဘိ/နာဘိ**

နာဘိ ဣတ္ထိ။ဤပစ္စယေ နာဘိစ။(ဓာန်ဋီ၊၃၇၄။)ဂါထာထောက်၍ နှစ်ပါဌ်သင့်။

**ဝိက္ခေပဂတံ/ဝိက္ခေပကတံ**

ဝိက္ခေပဂတန္တိ ဝိက္ခေပံ ဥပဂတံ။(သာရတ္ထ)ကိုထောက်၍ တတိယက္ခရာဖြင့် ရှိသော ဝိက္ခေပဂတံ ပါဌ်သင့်။

**သာရဇ္ဇာယ/သာရဇ္ဇါယ**

သာရဇ္ဇါယာတိ သရဇ္ဇဘာဝါယ-ဟု သာရတ္ထ၌ ဆိုသောကြောင့် သာရဇ္ဇါယ ပါဌ်သာသင့်။

**ဝါကျစဉ်(၂၅) ဝုတ္တနယေနေဝ/ဝုတ္တနယေန**

ဝုတ္တနယေနာတိ ဣမဿ ဟိ ဘိက္ခုနော အပရိဂ္ဂဟိတကာလေတိ အာဒိနာ ကာယသင်္ခါရေ ဝုတ္တနယေန-ဟု ယောဇနာ၌ ဆိုသောကြောင့် ဧဝသဒ္ဒါမပါသော ဝုတ္တနယေန ပါဌ်သင့်။

သောတိ သော ပဿမ္ဘနပရိယာယေန ဝုတ္တော နိရောဓော။ဣမဿ ဟိ ဘိက္ခုနော ပုဗ္ဗေ အပရိဂ္ဂဟိကာလေတိ အာဒိနာ ဝိတ္ထာရိတော ကာယသင်္ခါရော ဝုတ္တော၊တသ္မာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော-ဟု သာရတ္ထ၊၂။၂၄၃။ဝိသုဒ္ဓိမဂ်မဟာဋီ ကာ၊၁။၃၄၁။တို့၌ ဆိုသော ကြောင့် ဝုတ္တနယေနေဝ ပါဌ်သင့်။

ထိုသာရတ္ထ၊ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌ တတ္ထ ကာယသင်္ခါရဝသေန အာဂတော ဣဓ စိတ္တသင်္ခါရဝသေနာတိ အယမေဝ ဝိသေသော-ဟု အနုညာတတ္ထပါဌ်ကိုထုတ်ပြ သောကြောင့် ဧဝ-ပါရှိသော ဝုတ္တနယေနေဝ ပါဌ်သည် ယုတ္တတရ။

**ဝါကျစဉ်(၂၆) (ဃ)ဘဿ/တေန**

တဿာတိ တေန ပဋိသံဝိဒိတာတိ ဟိ ပဒံ အပေက္ခိတွာ ကတ္တုအတ္ထေ ဇတံ သာမိဝစနံ(သာရတ္ထ)ထောက်၍ တဿ ပါဌ်သင့်။

**ပီတိံ/ပိတိံ**

ပီဏေတိ တပ္ပေတီတိ ပီတိ၊ပီဓာတ် တိပစ္စည်းဖြင့် ပြီးသောကြောင့် ပီတိံ ပါဌ်သင့်။

http://www.dhammadownload.com



**ဝါကျစဉ်(၂၇) (စ)ဘဿ/တဿာ**

တဿာယ အနိစ္စတာယာတိ ခဏိကဘင်္ဂသင်္ခါတာယ အနိစ္စတာယ-ဟူသော ဋီကာကို ထောက်၍ တသည် လွှန်ပြီးဝါကျဖြင့် ပြအပ်သော ခဏဘင်နှင့်အတူဖြစ်သော အနိစ္စတာဟူသော ပသိဒ္ဓလျှင် စွဲရာဝိသယရှိသည်၏အဖြစ်ကို ဖွင့်ပြသောကြောင့် တဿာ ဟူသော ဣတ္ထိလိင်ဖြင့်ရှိသောပါဌ်သာသင့်။

**(ဂ)တေသည္ဆေဝ/တေသုယေဝ/တေသံယေဝ**

တေသံ ယေဝါကို ပဋ္ဌကန္ဒန္တန်။(ယောဇနာ)အနိစ္စတာတိ တေသံယေဝ ဥပ္ပါဒဝယညထတ္တန္တိ . ဝတ္တာ။(သာရတ္ထ)အဖွင့်တို့ကို ထောက်၍ တေသံ ယေဝ ပါဌ်သင့်။

နိဂ္ဂဟိတ်နှင့်တကွ ယကိုဥပြု၍ ပြီးနိုင်ကောင်းသောကြောင့်လည်းကောင်း၊ အနက်အထူးမရှိသောကြောင့်လည်းကောင်း တေသညေ့ဝ ပါဌ်လည်းသင့်။

ဆိုအပ်ပြီးသော အဖွင့်တို့နှင့်မညီသောကြောင့် တေသုယေဝ ပါဌ်မသင့်။

**ဝါကျစဉ်(၂၈) သမန္နာဂတော/သမန္နာဂတော/သမ္မန္နာဂတော**(ဆုံးဖြတ်ပြီး)

**ဝါကျစဉ်(၂၉) ပဋိနိဿဂ္ဂ/ပဋိနိသဂ္ဂ**

နိဉပသာရရှေးရှိ၍ ယင်းဥပသာရသည် ဓာတွတ္ထာဗာဓကအနက်ရှိသောကြောင့် ဒွေဘော်ဖြင့်ရှိသော ပဋိနိဿဂ္ဂ ပါဌ်သာသင့်။

မှတ်ချက်။ ။သဇဓာတ်သည် ကပ်ငြိခြင်းအနက်ကိုဟောသော်လည်း နိဉပသာရကြောင့် မငြိကပ်ခြင်း၊စွန့်ခြင်းကို ဟောသည်။ထို့ကြောင့် နိအနက်ရှိ ဖြစ်၍ ဒွေဘော်ရောက်ရသည်။နိကာယောပုဒ်၌ အနက်မရှိ၍ ဒွေဘော်မရောက်-ဟု ဝိသုဒ္ဓါသုတ်နက်ကြီး၌ ရူပသိဒ္ဓိဋီကာ ယူ၍ ရေးသားထားသည်-ဟု ဆရာဘုန်းကြီး ပြောဘူးသည်။ဘာဋီတို့၌ ပဋိနိသဂ္ဂ ဟု ဒွေဘော်မဲ့ကို တွေ့ရပါသည်။ဒွေဘော်သည် အနိစ္စဝိဓိဖြစ်၍ အများမဆိုသာ။

**(ခ)တဗ္ဗိပရီတော/တဗ္ဗိပရိတော**

တဗ္ဗိပရီတော-ထိုသင်္ခတမှပြန်သောနိဗ္ဗာန်၌။(ဂဏ္ဌိဟောင်း)၌ ဤသို့အနက်သမ္ဗန်သောကြောင့် ယင်းအလို တဗ္ဗိပရိတော ပါဌ်သင့်။

ထိုသို့ဆိုသော်လည်း နိစ္စာဒိဝသေန တဗ္ဗိပရီတော(သာရတ္ထ)တဗ္ဗိပရီတောတိ တတော သင်္ခါရတော ဝိပရီတော။(ယောဇနာ)တို့၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊တဗ္ဗိပရီတော ပုဒ်သည်သာ သဒ္ဒယုတ္တိရှိသောကြောင့်လည်းကောင်း တဗ္ဗိပရီတော ပါဌ်သာသင့်။

**(င)တန္နိဿတာယ/နိဿတာယ**

http://www.dhammadownload.com


ဂင်္ဂါဟောင်း၌ နိန္နတာယ တန္နိန္နတာယ-ဟူ၍ နှစ်ပုဒ်ရှိနိုင်ကြောင်းကို ဖွင့်ဆို၏။ ထိုအလို နှစ်ပါဌ်သင့်။

တန္နိန္နတာယာတိ တဒဓိမုတ္တတာယ-သာရတ္ထ။တန္နိန္နတာယာတိ တသ္မိံ နိန္နဌာနေ နိန္နတာယ။(ယောဇနာ)၌ ဖွင့်ဆိုသောကြောင့် ယင်းတို့အလို တန္နိန္နတာယ ပါဌ်သင့်။

## ဝါကျစဉ်(၃၀) ဒုဇ္ဇီဝိတေန/ဒုက္ခေန ဇီဝိတေန

ဝိဘာသာသဒ္ဒါ လိုက်လာသောကြောင့် သမာသ်သည် များသောအားဖြင့်အနိစ္စသမာသ်သာဖြစ်၍ သမာသ်ဝါကျအနက်ထူးမရှိ၊ထိုကြောင့်နှစ်ပါဌ်သင့်။

ဒုဇ္ဇီဝိတေနာတိ ဒုက္ခဇီဟုလတ္တာ၊ဒုက္ခေန ဇီဝိတေန။(ကင်္ခါဋီကာသစ်၊၂၁၆)

## ကိဗ္ဗိသံ/ကိဗ္ဗိသော

ကိဗ္ဗိသ သဒ္ဒါသည် ပုံလိင်/နပုံလိင်ဖြင့် ဒွိလိင်ရှိနိုင်ကောင်းသောကြောင့် နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၃၁) ဥဿုက္ကာဝစန/ဥဿုကဝစန

ဥဿုက္ကော သဒ္ဒေါ သဏ္ဍဲပာဌော။(ရှု-မဏ္ဍိတ်ာသုက္ကော သု)သုတ် အဖွင့်ကို ရှု၍လည်းကောင်း၊ဥဿုက္ကဝစနန္တိ ပုဗ္ဗကာလကြိယာဝိသေသနံ-ဟူသော သာရတ္ထကို ထောက်၍လည်းကောင်း၊ဒွေဘော်ဖြင့် ရှိသော ဥဿုက္ကဝစနံပါဌ်သင့်။

ဥဋ္ဌာနံ သုဋ္ဌု ကာယတီတိ ဥဿုကော။ဓာန်ဋီ၊၇၂၇။ဂါထာ၊အဖွင့်ကိုရှု၍ ဥ+သု+ ကာဓာတ်+ကွိပစ္စည်းဖြင့် ပြီးသောကြောင့် ဒွေဘော်မဲ့ ဥဿုကဝစနံ ပါဌ်လည်းသင့်။

## သဋ္ဌိစ္စာတိ/စိစ္စာတိ

သန္တိ ဥပသဂ္ဂေါ၊တေန သဒ္ဓိံ-ဟုဖွင့်၍၊ထိုသံဥပသာရပုဒ်နှင့်အတူတကွ-ဟုဆိုရ ကား စိစ္စ-ဟုသာ ရှိသင့်၏။(ဘာဋီ)၌ ဆိုအပ်သောကြောင့်လည်းကောင်း၊(ဃ)ဝါကျ၌စေစ္စ အဘိဝိတရိတ္ဘာ ဝီတိက္ကမော-ဟု သံဥပသာရ ဖျောက်၍ ဖွင့်ဆိုအပ်သောကြောင့်လည်းကောင်း ယင်းတို့အလို စိစ္စ ပါဌ်သာသင့်။

## သုဋ္ဌု စေတေတွာ/သဒ္ဓိံ စေတေတွာ

သန္တိ သဟတ္ထေ ဥပသဂ္ဂေါ၊(ကင်္ခါဋီကာ)အဖွင့်နှင့်၊သဒ္ဓိံ စေတေတွာ(ကင်္ခါ) အဖွင့်တို့ကိုထောက်၍ သဒ္ဓိံ စေတေတွာ ပါဌ်သင့်။

သံသည် ဥပသာရပုဒ်ဖြစ်၍ အနေကတ္ထအနက်ကို ဟောနိုင်ရကား သုဋ္ဌုအနက်

http://www.dhammadownload.com


လည်းဖြစ်နိုင်သောကြောင့် သုဋ္ဌု စေတေဘ္ဘာ ပါဠ်လည်းသင့်။

**ဝါကျစဉ်(၃၂) မာတုကုစ္ဆိသ္မိံ/မာတုကုစ္ဆိယံ**

မန္တြိမ် ကုစ္ဆိသု ဒွိသု-အဘိဓာန်အရ ကုစ္ဆိသဒ္ဒါသည် ပုံလိင်ဣတ္ထိလိင် နှစ်လိင် ဆက်ဆံသောကြောင့် နှစ်ပါဠ်သင့်။

**သိခါပွတ္တော/သိခပွတ္တော/သိခါပတ္တော**

တဏှာက္ခယော/တဏှက္ခယော-ပုံစံတို့ကဲ့သို့ အာဒီဃနောက်ရောက်သော ပ-သည် ဒွေဘော်ဌာနဖြစ်သောကြောင့်လည်းကောင်း၊သံယုတ်ကြောင့် ရဿပြု/မပြု နှစ်မျိုး ရှိနိုင်သောကြောင့်လည်း သိခါပွတ္တော/သိခပွတ္တော ပါဠ်တို့သင့်။

ဒွေဘော်သည် အနိစ္စဝိဓိဖြစ်၍ သိခါပတ္တောလည်းသင့်။

**ဝါကျစဉ်(၃၃) ဝီသဝဿသတာယုကဿ/ဝီသံ ဝဿသတာယုကဿ**

ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်ချေ၍ ပြီးသောကြောင့်လည်းကောင်း၊ဝီသဝဿသတာ ယုကဿာတိ နိဒဿနမတ္တံ၊တတော ဦနာဒိကာယုကမနုဿာနမ္ပိ သင်္ဂဟော-ဟု ဋီကာ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း ဝီသဝဿသတာယုကဿ-ပါဠ်သင့်။

**ဝါကျစဉ်(၃၄) ပဝေဏိဃဋ္ဋနံ/ပဝေဏီဃဋ္ဋနံ**

ဤ၌ ဃဋ္ဋဓာတ်၏ စေ့ဆော်အားထုတ်ခြင်းအနက်ကို အလိုမရှိအပ်၊သဃ်ာဋ္ဋ-ပေါင်းစည်းခြင်း၊ဆက်စပ်ခြင်း ဃဋ္ဋဓာတ်ကိုသာ အလိုရှိအပ်သောကြောင့် ပဝေဏိဃဋ္ဋနံ ပါဠ်သင့်။

**ပဝေဏီဃဋ္ဋနံ/ပဝေဏိဃဋ္ဋနံ**

ရဿအပြု/မပြု နှစ်မျိုးလုံးရှိနိုင်၍ နှစ်ပါဠ်သင့်။ဋီကာ၌ ဇိဝိတိန္ဒြိယဿ ပဝေဏီဃဋ္ဋနံ-ဟု ဒီဃဖြင့်ရှိ၏။ဂဏ္ဌိ၌ ပဝေဏိ-အစဉ်ကို။ဃဋ္ဋနံ-အစပ်ကို။ဤသို့ အနက်ယောဇနာသည်ကိုတွေ့အပ်၏။ယင်းအလို ပဝေဏိ ဃဋ္ဋနံ-ဟု ရှိရမည်။ ယင်းပါဠ်သည် ဋီကာကို ထောက်၍ အလျဉ်းမသင့်။

**ဝါကျစဉ်(၃၅) ဥပ္ပါဒဇရာဘင်္ဂသမ်ဂီ/ဥပ္ပါဒဇရာဘင်္ဂသမ်ဂိ**

ဇီဝိတိန္ဒြေကို အရကောက်၍ နပုံလိင်ဖြစ်သောကြောင့် ရဿဖြင့်ရှိသော ဥပ္ပါဒဇရာဘင်္ဂသမ်ဂိ ပါဠ်သင့်။

ပုံလိင်ဆိုလျှင် ဤ၊နပုံလိင်ဖြစ်က ဣဖြင့် ရှိသည်ကို ယေဘုယျ မှတ်သားပါ။

**ဥပက္ကမော/ဥပ္ပက္ကမော**

http://www.dhammadownload.com


ဥပဓ၏ ပသည် ဒွေဘော်ဌာနမဟုတ်၊ကမ္မဓာပ္ပ၏ အာဒိဗျည်းသည်သာ ဒွေဘော်ဌာ ဖြစ်သောကြောင့် ဥပက္ကမောပါဠ်သာသင့်။

**ဝါကျစဉ်(၃၆) ယာဝ ဝါ ဥဏှတော/ယာဝတာ ဥဏှတော**

စာအုပ်များ၌ ယာဝ ဝါ-ဟုရှိသည်ကား မကောင်း-ဟု ဘာဋီ၌ ဆိုသောကြောင့် ယင်းအလို ယာဝတာ ပါဌ်သင့်။

ဋီကာ၌ ယာဝ ဝါ ဥဏှတော အာဂန္တာတိ-ဟူ၍ သံဝဏ္ဏေတဗ္ဗပဒဒ္ဓါရပြုသောကြောင့်လည်းကောင်း၊အောက်စာပိုဒ်၌ သီတတောဝါ ရှိ၍ဥဏှတော နောင်လည်း ဝါသဒ္ဒါ ယှဉ်စပ်သင့်သောကြောင့်လည်းကောင်း၊အာဂန္တာ ပဝိသိတွာတို့၏ ကြိယာဝိသေသနဖြစ်သင့် သောကြောင့်လည်းကောင်း၊ယာဝ ဝိသဘာဂဥတုပါတုဘာဝေန စသည်ဖြင့် အလားတူပုဒ်တို့ကို တွေ့မြင်အပ်သောကြောင့် ယာဝ ဝါ ဥဏှတောပါဌ်လည်းသင့်။

**ဝါကျစဉ်(၃၇) ဗျဥ္ဇနံ အနာဒိယိတွာ/ဗျဥ္ဇနံ အနာဒရိတွာ**

ဗျဥ္ဇနေ အာဒရံ အကတွာ သဒ္ဒတ္ထမနုပက္ခိတ္វာတိ အဓိပ္ပါယော-ဟု ဖွင့်သောကြောင့်ယင်းအလို ဗျဥ္ဇနံ အနာဒရိတွာ ပါဌ်သင့်။

အနာဒိယိတွာတိပိ အတ္ထိ-ဟု ဖွင့်သောကြောင့် ယင်းအလို ဗျဥ္ဇနံ အနာဒိယိတွာ ပါဌ်လည်းသင့်။(ဒုပါရာဇိကဏ်ယောဇနာ)

**ကာလက်တော/ကာလကတော**

ကာလက်တော ကတကာလော ဟုတ္វာ ကာလံ ကတွာ။(ဝိဋ္ဌ၊၂။၃၆)အဖွင့်အရ ကတော ကာလော ယေနာတိ ကာလကတော၊ကာလံ ကရောတီတိ ကာလကတော-ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့်လည်းကောင်း၊ကာလကိရိယာပုဒ်ကဲ့သို့ ကာလနောင် နိဂ္ဂဟိတ် မလာမူ၍ ပြီးနိုင်သောကြောင့်လည်းကောင်း ကာလကတော ပါဌ်သင့်။

ဝါစာသိလိဋ္ဌနိဂ္ဂဟိတ်လာ၍ ပြီးနိုင်သောကြောင့်လည်းကောင်း၊နှစ်ပုဒ်အနက်ထူး မရှိသောကြောင့်လည်းကောင်း၊အလုတ္တသမာသ်ဖြစ်နိုင်သောကြောင့်လည်းကောင်း ကာလက်တော ပါဌ်လည်းသင့်။

**ဝါကျစဉ်(၃၈) စိတ္တသဒ္ဒသ/စိတ္တသ**

စိတ္တာသ အတ္ထဒီပနတ္ထံ ဝုတ္တောတိ စိတ္တသဒ္ဒသ-ဟု စိတ္တသကို သံဝဏ္ဏေတဗ္ဗပြု၍ ယင်းကို စိတ္တသဒ္ဒသ-ဟု သံဝဏ္ဏနာဖွင့်ဆိုသောကြောင့်လည်းကောင်း၊ကခ်ါအဋ္ဌကထာ၌လည်း စိတ္တသ-ဟုသာ ရှိသောကြောင့်လည်းကောင်း စိတ္တသ ပါဌ်သင့်။

http://www.dhammadownload.com



## ဝါကျစဉ်(၃၉) သံဝိဒဟာနသ/သံဝိဒဟာနမတ္တသ

သံဝိဒဟာနမတ္တသာတိ သညာစေတနာဝိတက္ကသင်္ခါတဿ ကမ္မဿ သံဝိဒဟာနဿ သာမညတ္တော ဟေတ္တ မတ္တသဒ္ဒေါ-ဟု ကင်္ခါဋီကာသစ်၌ ဖွင့်ဆိုသောကြောင့် သာမညအနက်ရှိသော မတ္တသဒ္ဒါဖြင့် သံဝိဒဟာနမတ္တသ ပါ၌သင့်။

## ဝါကျစဉ်(၄၀) ပဋိဂ္ဂဟိတမတ္တေ/သမ္ပဋိစ္ဆိတမတ္တေ

အနက်ထူးမရှိသောကြောင့်လည်းကောင်း၊ဝဇိရဗုဒ္ဓိ ပဋိဂ္ဂဏှာတိ-ကို သမ္ပဋိစ္ဆတိ-ဟု ဖွင့်ဆိုသောကြောင့်လည်းကောင်း၊မအုန်နိဿယ၌ သမ္ပဋိစ္ဆိတမတ္တေ-ကို အနက်သမ္ဘန်သောကြောင့်လည်းကောင်း သမ္ပဋိစ္ဆိတမတ္တေ ပါ၌သင့်။

ပဋိဂ္ဂဟိတမတ္တေတိ တွေ့ အဝဿံ စေ ပဋိဂ္ဂဏှာတိ။(သာရတ္ထ)၌ ဖွင့်ဆိုသောကြောင့် ပဋိဂ္ဂဟိတမတ္တေ ပါ၌သင့်။ပဋိဂ္ဂဏှာတိ ကြိယာ၏အဖွင့်ဖြစ်သောကြောင့်လည်းကောင်း၊ ဋီကာအဖွင့်နှင့်ညီသောကြောင့်လည်းကောင်း ပဋိဂ္ဂဟိတမတ္တေသည် ယုတ္တတရ။

## ဝါကျစဉ်(၄၁) ဘယုပ္ပတ္တိယံ/အယုပ္ပတ္တိယံ

ဂဏ္ဌိ၌ အယုပ္ပတ္တိယံ၌ စပ်ဟုဆိုသော်လည်း ဤ၌ အတ္ထယုတ္တိမရှိသောကြောင့်လည်းကောင်း၊ပါဠိတော်လာ ဥတြသတိ ကြိယာကိုဖွင့်ရာဖြစ်သောကြောင့်လည်းကောင်း အယုပ္ပတ္တိယံ မသင့်။ဘယုပ္ပတ္တိယံသာသင့်၏။

## မနာပိယေပိ/မနာပိကေပိ

ပါဠိတော်၌ မနာပိကံ ရူပံ-ဟုဆိုသောကြောင့် မနာပိကေပိ-ပါ၌သင့်။ကနှင့်ယသည် အနက်မထူး ကာရီ၊ကာရိယမျှသာ ဖြစ်သောကြောင့်လည်းကောင်း၊မနာပိယေပိ သေဝ နယောတိ တေန မနာပိကံရူပံ ဥပသံဟရတိ-စသည်ဖြင့် ဋီကာ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း မနာပိယေပိ ပါ၌လည်းသင့်။

## သုဿိတွာ မရတိ/သုဿိတွာ မရတိ ပါရာဇိကံ(နှာ၊၅၉)

အလာဘကေန သုဿိတွာ မရတီတိ တွေ့ ပါရာဇိကောတိ ပါဌသေသော ဒဋ္ဌဗ္ဗော။(ဝိမတိ)ကိုထောက်၍ ပါရာဇိကံပုဒ် မပါသော သုဿိတွာ မရတိ ပါ၌သာသင့်။

## ဝါကျစဉ်(၄၂) အဂ္ဂကိရိယံ/အဂ္ဂကြိယံ

ကရဓာတ်နောင် ရိရိယပစ္စည်းသက်၍ ပြီးသောကြောင့်လည်းကောင်း၊အက္ခရစိန္တကာ ပန ကြိယာဂ္ဂဟဏမ္ပိ ပဒမိစ္ဆန္တိ ကကာရ,ရကာရသံယောဂဝန္တာနိ ပဒါနိ ဒိဿန္တိ-ဟု နီတိ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း နှစ်ပါ၌သင့်ပါသည်။

http://www.dhammadownload.com


မအူဠ္ဌ အင်္ဂုကြိယံ-ဟုရှိ၏။

**ဝါကျစဉ်(၄၃) (ခ)ဗန္တတ္တိ/ကရောန္တိ**

ယံ အင်္ဂကံ ဇနာ ကရောန္တိ။(ယောဇနာ)အဖွင့်အရ ယင်းအလို ကရောန္တိ ပါဌ်သင့်။ ဘိက္ခူ နဝကမ္မံ ကရောန္တာ အင်္ဂကံ ဗန္တတ္တိ ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ ဖြစ်သောကြောင့် ဗန္တတ္တိ ပါဌ်သင့်။

ပါဠိတော်နှင့် ညီညွတ်သောကြောင့် ဗန္တတ္တိ ပါဌ်သည် ယုတ္တတရ။

**(က)ဘိန္ဒေယျ/ဘိန္ဒေယျ**

ရှာဓာဒိဖြစ်သော ဘိဒိဓာတ်၏ ဒွိဓာကရဏတ္ထကို အလိုမရှိအပ်၊ဒိဝါဒိ ဘိဇ္ဇနတ္ထ ကိုသာ ဤ၌ အလိုရှိအပ်သောကြောင့် ဘိန္ဒေယျ ပါဌ်သင့်။

**ဝါကျစဉ်(၄၄) န အတ္တာ ပါတေတဗ္ဗော/န အတ္တာနံ ပါတေတဗ္ဗံ**

ဝိဘတ္တိဗျတ္တယေန ပနေတံ ဝုတ္တံ-ဟု အဋ္ဌကထာဆရာကိုယ်တိုင်ပင် ဖွင့်ဆိုအပ် သောကြောင့်လည်းကောင်း၊အတ္တာနံ ပုဒ်သည် ပထမာဝိဘတ်မှ ဒုတိယာဝိဘတ်သို့ပြန်သော ဝိဘတ္တိဝိပလ္လာသပုဒ်ဖြစ်သောကြောင့်လည်းကောင်း၊ကံဟော ဝါကျဖြစ်၍ ဟောရာဟောရာပထမာ ပဌမာဝိဘတ်သာ ဖြစ်သင့်သောကြောင့်လည်း ကောင်း န အတ္တာ ပါတေတဗ္ဗော ပါဌ်သာသင့်။

**ဝါကျစဉ်(၄၅) ဟသေယန/ဟသေန**

ဟသဓာတ်၊ဘောဟော ဏျပစ္စည်း၊သျကိုသ၊သကိုဒွေဘော်လာ၍ ပြီးသော ကြောင့် ဟသေယ-ပါဌ်သင့်။မအူနိဿယ၌ ဟသေန ဟုရှိ၏။ယင်းအလို ဟသဓာတ် ဘောဟော ဏပစ္စည်းဖြင့်ပြီးသည်။ အနက်မထူး၍ နှစ်ပါဌ်သင့်။

**ခိဋ္ဍါယ/ခိဍ္ဍါယ**

ခိဠ-ကီဠာယံ ခိဍ္ဍါ။ခိဍ္ဍါတိပိ ပါဌော-ဟု ဓာန်ဋီ၊၁၇၆။ဂါထာကိုထောက်၍ နှစ်ပါဌ်သင့်။

**သိလာတိ ပါသာဏော/သိလန္တိ ပါသာဏံ**

သိလံ ပဝိဇ္ဈိသု-ဟု ပါဠိတော်ရှိသောကြောင့် သိလန္တိ ပါသာဏံ-ဟု ဒုတိယန္တ ရှိရမည်-ဟု ဘာဋီ၌ ဆုံးဖြတ်သောကြောင့် သိလန္တိ ပါသာဏံ ပါဌ်သင့်။

(ခ)သိလာတိ ပါသာဏော-အဖွင့်သည် သိလံ ပဝိဇ္ဈိသု-ဟူသော ရှေးပုဒ်၏ အဖွင့်ဟု မယူဆမူ၍ ဒဝါယ သိလာ ပဝိဇ္ဈိတဗ္ဗာ-ဟူသော နောက်ပုဒ်၏ အဖွင့်ဟု

http://www.dhammadownload.com



ယူဆခဲ့သော် လည်းကောင်း၊ရေးပုဒ်အဖွင့်ယူဆသော်လည်း ဒန္တစ္ဆေဒန-နည်း ယူဆအပ် သောကြောင့်လည်း ကောင်း သီလာတိ ပါသာဏော-ဟူသော လက်ရှိအဋ္ဌကထာပါဠ် ကိုလည်း အမှားဟုမဆိုသာ။

## န ကေဝလဥ္စ ပါသာဏော/န ကေဝလဥ္စ ပါသာဏံ

(င)ဝါကျရှိ ပဝိဋ္ဌိတုံ န ဝဋ္ဋတိ-၌ စပ်အပ်သောကြောင့် ဒါရုခဏ္ဍံ ဣဋ္ဌကာ ခဏ္ဍံတို့နည်းတူ ပါသာဏံ-ဟု ဒုတိယာဝိဘတ်ဖြင့်ရှိသော ပါဠ်သင့်။

## ဝါကျစဉ်(၄၆) ပဝုတ္တပတိကာ/ဝိပ္ပမုတ္တပတိကာ/ပဝုတ္ထပတိကာ

ပပုဗ္ဗ+ဝသဓာတ်+တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ပဝါသံ-ဟူ သော သံဝဏ္ဏနာကိုရှု၍လည်းကောင်း ပဝုတ္ထပတိကာ ပါဠ်သင့်။

ဝိပ္ပမုတ္တပတိကာတိပိ အတ္ထိ-ဟုယောဇနာ၌ ပါဠ္ဌနန္တရကို ဖွင့်ဆိုသောကြောင့် ဝိပ္ပမုတ္တပတိကာ ပါဠ်လည်းသင့်။

ပ+ဝသဓာတ်+တပစ္စည်း၊သွ့ကို ထပြု၊အသဒိသဒွေဘော် ဟလာ၍ ပြီးသောကြောင့် ပဝုတ္ထပတိကာ ပါဠ်လည်းသင့်။

## ကုစ္ဆိယံ/ကုစ္ဆိသ္မိံ

ကုစ္ဆိတု ဒွိသု-ဟု အဘိဓာန်၂၇၁။ဂါထာအရ ကုစ္ဆိ-သဒ္ဒါ ပုံလိင်+ဣတ္ထိလိင် နှစ်လိင် ဖြစ်နိုင်ကောင်းသောကြောင့် နှစ်ပါဠ်သင့်။

## ဝါကျစဉ်(၄၇) အဒ္ဒူဟလပါသာဏာ ဝိယ/အဒ္ဒုဟလပါသာဏာ ဝိယ/ အဒ္ဒူဟလပါသာဏာ ဝိယ

အဒ္ဒူဟလပါသာဏော ဝိယာတိ အဒ္ဒူဟလေ အာရောပိတပါသာဏော ဝိယ။ (ဋီကာ)ကိုထောက်၍ အဒ္ဒူဟလပါသာဏာ ဝိယ-ဟု ဒီဃဖြင့် ရှိသော ပါဠ်သင့်။

မိဂဗန္ဓိ မိဂံ မာရေန္တော အဒ္ဒုဟလေ အာရောပိတပါသာဏော ဝိယ။(ယောဇနာ) ကို ထောက်၍ ရဿဖြင့်ရှိသော အဒ္ဒုဟလပါသာဏာ ဝိယ ပါဠ်သင့်။

ဆိုအပ်ခဲ့ပြီးသော ဋီကာ/ယောဇနာ အဖွင့်တို့မရှိသောကြောင့် အဒ္ဒူဟလပါသာ ဏော ဝိယ ပါဠ်မသင့်။

**တတိယပါရာဇိကကဏ္ဍစာစဉ်ပြီး၏။**

http://www.dhammadownload.com



## စတုတ္ထပါရာဇိကကဏ်စာစဉ်

**ဝါကျစဉ်(၁) လောဏာတိကဋ္ဌကာဒီနိ/လောဏာကဋ္ဌကာဒီနိ**

ငရုပ်,ပိတ်ချင်း,ဂျင်း သုံးမျိုးကို တိကဋ္ဌုက-ဟု ဆိုအပ်သောကြောင့် လောဏာတိကဋ္ဌုကာဒီနိ ပါဠ်သာသင့်။

**ဂိဟီ/ဂီဟိ/ဂိဟိ**

ဂဟ် အဿ အတ္ထီတိ ဂိဟိ အဿိ,ရသော်စ။ဓာန်ဋီ၊၄၄၆။ဂါထာအဖွင့်ကို ထောက်၍ ဂဟပုဒ်+ဤပစ္စည်း။ဂ၏အကိုဣပြု၊ဤပစ္စည်းကို ဣရဿပြု၍ ပြီးသောကြောင့် ဂိဟိ ပါဠ်သင့်။ဤပစ္စည်းကို ရဿမပြုသော် ဂိဟီ ပါဠ်သင့်။

**မှတ်ချက်။** ။ဂိဟီကမ္မ/ဂိဟိကမ္မ မေးသော် သမာသ်အလယ်ရဿပြုရကား ဂိဟိကမ္မပါဠ်သာသင့်။

**ဒူတကမ္မံ/ဒုတကမ္မံ**

ဒုဗ္ဗစတ္တာ ဒုဝတိ ပရိတာပေတီတိ ဒူတော။ဒု+တ။ဒီဃပြု၍ ပြီးသောကြောင့် ဒူတကမ္မံ ပါဠ်သင့်။

**ဝါကျစဉ်(၂) ပရိကန္တော်တိ/ပရိကတ္တော်တိ**

ကတိစာတ်သည် ဆေဒနအနက်ကိုဟော၏။ဣကာရန္တစာတ်ဖြစ်၍ နိဂ္ဂဟိတ်လာ၊တပစ္စည်းသက်လျှင် ပရိကန္တော ပါဠ်သင့်။

သလ္လကတ္တောစသည်၌ကဲ့သို့ နိဂ္ဂဟိတ်မလာမူ၍ တပစ္စည်းသက်၍ ပြီးနိုင်သောကြောင့် ပရိကတ္တော ပါဠ်လည်းသင့်။

ပရိကတ္တော်တိပိ ပါဌော ယုဇ္ဇတိ။(ဝိ၊ဋ္ဌ၊၂။၇၄။)

**အညေနအညဿ/အညမညဿ**

အညမညဿာတိ ပဒံ ဥဇ္ဇု။ပ။ဓမ္မဿာတိ ပဒေ သမ္ဗန္ဓော-ဟု ဆိုသောကြောင့် ယင်းအလို အညမညဿ ပါဠ်သင့်။သို့သော်လည်း အညမညဿ-ဟူသောပါဠိတော်သံဝဏ္ဏောတဗ္ဗကို ဖွင့်ဆိုရာ၌ အညေန အညဿ ဖွင့်ဆိုရမည်ဖြစ်သောကြောင့်လည်းကောင်း အချင်းချင်းဟူသော အနက်သည် တစ်ပါးသည်၊တစ်ပါး၏ဟူသော အနက်ဖြစ်သင့်သောကြောင့်လည်းကောင်း အညေန အညဿ ပါဠ်လည်းသင့်။

**ဝါကျစဉ်(၃) ပီဏဳန္ဒြိယ/ပိဏဳန္ဒြိယ**

သဏ္ဍတဉ္စ ပြိဏာတပ္ပဏောစာတ်ရှိသောကြောင့် ပိဏ-ဟု ယူသင့်၏။ပိဏန္တီတိ

http://www.dhammadownload.com


ပိဏ္ဍာနိ၊ပိဏ္ဍာနိ ဣန္ဒြိယာနိ ယေသန္တိ ပိဏ္ဍိန္ဒြိယာနိ-ဟု ပြီး၏။ဤအလို ပိ-ဟုရသဖြင့် ရှိသော ပိဏ္ဍိန္ဒြိယာနိ ပါဌ်သင့်။

ယင်းသက္ကတဥပင် ပြီ-တပ္ပဏေ-ဟု ရှိပြန်၏။ပြီဓာတ်နောင် ယုပစ္စည်းကို အနပြုနကိုဏပြန်လျှင် ပီဏ-ဟု ပြီးနိုင်၏။ထို့ကြောင့် ပီဏိန္ဒြိယာနိ-ဟု ဒီဃဖြင့်ရှိသော ပါဌ်လည်းသင့်။(ဘာဋီ)

**ဝါကျစဉ်(၄) ဂမေတုံ/ကမေတုံ**

ယာပေတုန္တိ ဝဟိတုံ ပဝတ္တေတုံ တေနာဟ "ဂမေတု"န္တိ။သာရတ္ထကို ထောက်၍ ဂမေတုံ ပါဌ်သာသင့်။

**ယာပေတုံ/ယပေတုံ**

ယပဓာတ်သည် စုရာဒိဂိုဏ်းဖြစ်၍ ဏေပစ္စည်းရှိရကား ဝုဒ္ဓိလာ၍ ပြီးသောကြောင့် ယာပေတုံ ပါဌ်သာသင့်။တစ်နည်း-ယာဓာတ်+ဏာပေ ပစ္စည်းဖြင့်ပြီး၏။

**ဝါကျစဉ်(၅) ဝိပ္ပသန္နဆဝိဝဏ္ဏာတိ ယေန စ တေ/တေ**

ယေနစပါဌ်သည် ယောဇနာ၌မရှိ၊နိဿယ၌လည်းမပေး-ဟု ဂဏ္ဌိ၌ဆိုသော်လည်း ယေန ဝဏ္ဏေန-ဟု ယောဇနာ၌ တွေ့အပ်သောကြောင့်လည်းကောင်း၊တာဒိသော-ဟူသော နိယမပုဒ်ရှိသောကြောင့်လည်းကောင်း "ယေန စ" ရှိသောပါဌ်သင့်သည်။

**မဟာကဏိကာရပုပ္ဖာဒိသဒိသေန/ကဏိကာရပုပ္ဖာဒိသဒိသေန**

ကဏိကာရော ဒုမုပ္ပလော-ဓာန်၊၅၇၀။ အရ မဟာလှေကားပန်းအနက်ကို ကဏိကာရပုဒ်ရင်းကပင် ဟောနိုင်သောကြောင့် မဟာမပါသော်လည်းသင့်ရကား နှစ်ပါဌ်သင့်

**အနုယုဉ္ဇန္တာ/အနုယုဉ္ဇန္တိ**

အနုယုဉ္ဇန္တာ ဣမံ သရီရသောဘံ ပါပုဏိံသူတိ သမ္ဗန္ဓော-ဟု ရှိသောကြောင့် အနုယုဉ္ဇန္တာ ရှိသောပါဌ်သင့်။

**ဣတိဟ တေ/ဣတိ တေ**

ဟေတိ နိပါတော-ဟု ယောဇနာဆိုသောကြောင့် ဣတိဟ တေ ပါဌ်သင့်။

**ဝါကျစဉ်(၆) ဝိဇ္ဇမာနမဂ္ဂီ/ဝိဇ္ဇမာနဂုဏမဂ္ဂီ**

ဝိဇ္ဇ။ပ။မဂ္ဂီတိ ဝိဇ္ဇမာနဂုဏသ ဝိနာသကော-ဟု ယောဇနာ၌ ဖွင့်ဆိုသောကြောင့် ဝိဇ္ဇမာနဂုဏမဂ္ဂီ ပါဌ်သင့်။ဂဏ္ဌိ၌ ဝိဇ္ဇမာနမဂ္ဂီ-ဟုရှိ၏။

http://www.dhammadownload.com



## အဝိပ္ပဋိသာရာဒိဝတ္ထုကံ/အဝိပ္ပဋိသာရဝတ္ထုကံ

အာဒိဖြင့် ပါမောက္ခပိတ်ပြယသဒ္ဒိစသည်ကို ယူအပ်သောကြောင့် အာဒိဖြင့် ရှိသော အဝိပ္ပဋိသာရာဒိဝတ္ထုကံ ပါဌ်သင့်။ယောဇနာ၌ အဝိပ္ပဋိသာရာဒိဝတ္ထုကရဏံ-ဟု ရှိ၏။

**ဝါကျစဉ်(၇) အသန္တံ တံ ခမ္မံ/အသန္တံ အဘူတံ တံ ခမ္မံ**

အသန္တန္တိ အဝိဇ္ဇမာနံ အဘူတန္တိ အနုပ္ပန္နံ အနုပ္ပန္နတ္တာ ဟိ တဿ တံ အသန္တန္တိ ပုရိမဿ ပဋ္ဌိမံ ကာရဏာဝစနံ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် အသန္တံ အဘူတံတံ ခမ္မံ ပါဌ်သင့်။(စာမေးပွဲ၌ မြန်မာပြန်၍ဖြေကလည်း ဖြစ်၏။ယခု အဋ္ဌကထာ၌ အဘူတံ ပါဌ်မပါရှိပေ။

**ဝါကျစဉ်(၈) သေ့ဟေ/သိနေဟေ**

သိနေဟဓာတ် အပစ္စည်း၊သိနိယှတေ သိနေဟော၊သိနေဟော ဧတေသံ အတ္ထီတိ သိနေဟော-ဟု ပြီးသောကြောင့် သိနေဟေ ပါဌ်သာသင့်။

**ဝါကျစဉ်(၉) အယောဂုဠော/အယဂုဠော**

ဧတေသမော လောပေ-သုတ်သို့ ဝါသဒ္ဒါ သီဟဂတိကနည်းအားဖြင့် လိုက်ဏသောကြောင့် သမာသ်အလယ် ဩလာမမြဲသည်ကို "အယကပလ္လံ" ပုံစံထောက်၍သိအပ်သောကြောင့် ဩလာ/မလော နှစ်ပါဌ်သင့်။(ရူ၊၄၈၊)သုတ်။

## သဗ္ဗညုတညာဏေနပိ/သဗ္ဗညုတဉာဏေနပိ(ဆုံးဖြတ်ပြီး)

သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ၊ကွစာဒိနာ တာပစ္စယေ ရဿတ္တံ။ဉာဓာတ်သည် ဒွေဘော်ဌာနဖြစ်၍ တာ၏အာနောင်ရောက်သောကြောင့် ညာ-ဟု ဒွေဘော်ဖြင့်ရှိ၏။ညာ-သည် သံယုတ်ဖြစ်၍ တာ၏အာကို ရဿပြု၊သဗ္ဗညုတညာဏေနပိ ပါဌ်သင့်။

**ဝါကျစဉ်(၁၀) သမထဝိပဿနာဗလေန/သမထဝိပဿနာဝသေန**

ယင်းအဋ္ဌကထာ၌ပင် သမာဓိဗလေန ကိလေသာ ဝိက္ခမ္ဘိတာ ဝိပဿနာဗလေန သခ်ါရာသုပရိဂ္ဂဟိတာ။ဝိ၊ဋ္ဌ၊၂။၈၀။အဖွင့်ကိုထောက်၍ သမထဝိပဿနာဗလေန ပါဌ်သင့်။

မအူ၌ သမထဝိပဿနာဝသေန-ဟု ပါဌ်ရှိ၏။ဝသသဒ္ဒါသည် အစွမ်းသတ္တိ အနက်ဟောနိုင်သောကြောင့် အမှားဟု မဆိုသာ။

## (ဂ)ရာဂါယပိ စိတ္တံ နမတိ/ရာဂါယ စိတ္တံ နမတိ

http://www.dhammadownload.com



ပ၊ဠိတော်၌ ရာဂါယပိ-ဟု အပိသဒ္ဒါဖြင့် ရှိသောကြောင့်လည်းကောင်း၊အပိ သဒ္ဒေါ် န ကေဝလံ ဒေါသမောဟတာ(ယ စိတ္တံ နမတီတိ ဉာပေတိ-ဟု ယောဇနာ၌ဖွင့်ဆို သောကြောင့်လည်းကောင်း ရာဂါယပိ စိတ္တံ နမတိ-ဟု အပိသဒ္ဒါ ပါသောပါဠ်သင့်။

## ဝါကျစဉ်(၁၁) ယသ္မာ ပန ယံ/ယသ္မာ ပနာယံ

ယသ္မာ ပနာယံ-ဟု အချို့ပါဠ်ရှိ၏။အယံ ပုဂ္ဂလော သမုဒါစရတိ-ဟု အနက် သမ္ဗန်အပ်၏။ယောဇနာအဆို ဂဏ္ဌိကိုထောက်၍ ယင်းအလို ယသ္မာ ပနာယံ ပါဠ်သင့်။ သို့သော်လည်း ယန္တိ ယံ ဥတ္တရိမနုဿဓမ္မံ-ဟု ဋီကာဖွင့်ဆိုသောကြောင့် ယသ္မာ ပန ယံ- ပါဠ်သည်သာယုတ္တတရ။

## ဝါကျစဉ်(၁၂) မယိ သန္တိသန္တိ/မယိ သန္တိ

ငါ၌ ရှိ၏-ဟု တိုက်ရိုက်ဥတ္တရိမနုဿဓမ္မရှိသည်ကို မဆိုလို၊သွယ်ဝိုက်၍ပြော ရာဖြစ်သောကြောင့် သန္တိသန္တိ ပါဠ်သင့်။ပါဠိတော်၌ အဋ္ဌကထာ ရှိ၍ ယင်း၏ပရိယာယ် သန္တကို ထည့်၍၊ ငါ၌ ဥတ္တရိမနုဿဓမ္မရှိ၏-ဟု ပြောဆိုကလည်း အဋ္ဌုပနာယိကဖြစ် နိုင်၏။ထို့ကြောင့် သန္တိ ပါဠ်လည်းသင့်။

## ဝါကျစဉ်(၁၃) (ဃ)ခမ္မေတိ ဣဒံ/ခမ္မေတိ အာဒိ (င)ခမ္မာတိ အာဒိ/ခမ္မာတိ ဣဒံ

(ဃ)အာဒိသဒ္ဒါဖြင့် ယူအပ်သောအာဒိဝန် မရှိသောကြောင့် ခမ္မေတိ ဣဒံ ပါဠ်သင့်။ (ပါဠိတော်ရှု)

(င)အာဒိသဒ္ဒါဖြင့် မယိ အဟာဠ ဧဝံသု သန္တိဿာမိကို ယူအပ်သောကြောင့် ခမ္မာတိ အာဒိ ဟူ၍ ရှိသော ပါဠ်သင့်။

## ဝါကျစဉ်(၁၄) သိထိလော/သထလော/သေထိလော/သဋ္ဌိလော

သိထလေန ကတော သေထိလော-ဟု (သိထိလဂ္ဂါဟေန ကတော)ဟူသော ဋီကာကို ထောက်၍ ဘာဋီ၌ ဝိဂ္ဂဟပြုပါသည်။ယင်းအလို သိထိလ+ဏပစ္စည်းဖြင့် ပြီးသော သေထိလော ပါဠ်သင့်။

သဟ-ခမာယံ၊သဟိဿ သိထတ္တံ၊သဟိတုမလန္တိ သိထိလံ-မောဂ်၊၇။၁၉၁။ သုတ်-အရ သိထိလပါဠ်သင့်။

သထ-သေဋ္ဌိလ္လေ၊သထတိ သထလော ဟိ ပရိဗ္ဗာဇော ဘိယ္ယော အာကိရတေ ရဇံ၊သိထိလောတိပိ ပါဠ္ဌိ ဒိဿတိ။နီတိဓာ။၇၃။ကိုထောက်၍ သထလော သိထိလော

http://www.dhammadownload.com



ပါဠ်တို့ လည်းသင့်။(ဓာတွတ္ထသင်္ဂဟ သဓဓာတ်ရှု)

### အဇာနမေဝံ/အဇာနမေဝ

အဇာနမေဝါတိ ပါဌေ ဧဝါတိ အဝဓာရဏတ္ထေ နိပါတော၊အဇာနမေဝန္တိ ပါဌေ ပန ဧဝံ ဇာနာမိ ဧဝံ ပဿာမီတိ အဝစန္တိ ယောဇေတဗ္ဗံ။(သာရတ္ထ)ကိုထောက်၍ နှစ်ပါဌ်သင့်။

## ဝါကျစဉ်(၁၅) ကာမရာဂဒေါသာနံ/ရာဂဒေါသာနံ

ကာမရာဂံ သန္ဓာယ တတိယမဂ္ဂေန ဟိ ရာဂဒေါသာနံ ပဟာနန္တိ ဝုတ္တံ။နပန ရူပရာဂအရူပရာဂေ သန္ဓာယ-ကို ထောက်၍ ရာဂဒေါသာနံ ပါဌ်သာသင့်။

### (ဂ)တတိယ/တတီယ

တိယ/တီယ ပစ္စည်းနှစ်မျိုးရှိနိုင်သောကြောင့် နှစ်ပါဌ်သင့်။

### (င)အာဒိတ္တိကေ/အာဒိတိကေ

"တိကာဒိတို့ အာဒိဗျည်းမှာ ဒွေဘော်သာတည်း" ဟူသော ဒွေဘော်လင်္ကာကြီး အရ အာဒိတ္တိကေ-ဟု ဒွေဘော်ပါဌ်သာသင့်။

## ဝါကျစဉ်(၁၆) ဝုတ္တဝတော/ဝုတ္တဝစနတော

ဝုတ္တံ တေသ အတ္ထီတိ ဝုတ္တဝါ-ဝန္တု၊ ပစ္စယော-ဟု ယောဇနာ၌ ဖွင့်သောကြောင့် ဆဋ္ဌီသဝိဘတ်နှင့်တကွ န္တုကို တောပြု၍ ပြီးသောကြောင့် ဝုတ္တဝတော ပါဌ်သာသင့်။

## ဝါကျစဉ်(၁၇) ဝိတုဒ္ဒေန္တိ/ဝိတုဧန္တိ/ဝိတုဏ္ဏေတိ

ဝိနိဗ္ဗိတွာ ဒုေန္တိ။ပ။ဂစ္ဆန္တိ ၊သာရတ္ထနှင့် ဒို(ဒ္ဒေ)ဓာတ် ဂတိအနက်၌ဖြစ်သောကြောင့် ဝိတုဒ္ဒေန္တိ ပါဌ်သင့်။ဝိတုဧန္တိ/ဝိတုဏ္ဏေတိ ပါဌ်တို့ မသင့်။(ဘာဋီ)

ဝိတုဏ္ဏေန္တိ ဝိ+တုဒိဓာတ်၊ပီဠနတ္ထ၊တုဏ္ဏတိ ဧတေနာတိ တုဏ္ဏံ။(နှုတ်သီး) ဓာတွတ္ထ၌ ဆိုသောကြောင့် ဝိတုဏ္ဏေန္တိ ပါဌ်သင့်နိုင်၏။

### ဝိတုဒန္တိ /ဝိတုဒေန္တိ

တုဒဓာတ်သည် ဘူဝါဒိဖြစ်၍ ဝိတုဒေန္တိ-ဟု မရှိစေရ-ဟု ဘာဋီဆိုသော ကြောင့် ဝိတုဒန္တိ ပါဌ်သင့်။

### တိခိဏေန/တိခိနေန

တိဓ နိသာနေ၊ကွနော ဧသ ခေါ ဏတ္တံ-တိခိဏံ။ဓာန်ဋီ၊၇၁၁။ဂါထာ၌

http://www.dhammadownload.com



ဆိုသော ကြောင့် တိခိဏေန ပါ၌သင့်။

**ဝါကျစဉ်(၁၈) (ဃ)စက္ခုံ ဥပ္ပါဒေတွာ/စက္ခု ဥပ္ပါဒေတွာ**

ဥ+ပဒဓာတ်သည်၊အကမ္မကဓာတ်ဖြစ်သော်လည်း ဤ၌ ဥပ္ပါဒေတွာ ပုဒ်သည် ကာရိတ်ပုဒ်ဖြစ်သောကြောင့် ကာရိတ်ကံကို အလိုရှိအပ်ရကား စက္ခုံ ဥပ္ပါဒေတွာ ပါ၌သာသင့်။

**ဝါကျစဉ်(၁၉) သူစကော/သုစကော**

ဂဏ္ဌိ၌ အနေန သုစကေန-ဟု တွေ့အပ်သောကြောင့် ယင်းအလို သုစကော-ဟု ရသဖြင့် ရှိသောပါ၌သင့်။

ထိုသို့ပင်ဆိုသော်လည်း ပေသုညပသံဟာရဝသေန ဣတော သုတံ အမုတြ အမုတြဝါ သုတံ ဣဒံ သူစေတီတိ သူစကော-ဟု သာရတ္ထဋီကာ၌ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ သူစဓာတ်သည်သာ ပေသုညအနက်ဟောသောကြောင့်လည်းကောင်း သူစကော ပါ၌သာသင့်။

**ဝါကျစဉ်(၂၀) လဉ္ဆ/လဥ္စ/လဥ္ဇ**

ဓာတ်ကျမ်း၌ လဆိဓာတ်မရှိသောကြောင့် လဉ္ဆ ပါ၌မသင့်။လဆိဓာတ်သည် အမှတ် တံဆိပ်ခပ်နှိပ်ခြင်း အနက်၌သာဖြစ်၍ လဥ္ဇ ပါ၌မသင့်။

လဇိဓာတ်သည်သာ ပေးခြင်းအနက်၌ ဖြစ်သောကြောင့် လဥ္စ ပါ၌သာသင့်။

ပဒတ္ထမဥ္ဇူသာ၌ လဥ္စသဒ္ဒါသည် တံစိုးလက်ဆောင်အနက်ဟောသည်-ဟုဖွင့်ဆိုသောကြောင့် လဥ္စ ပါ၌သင့်။

**သာမိ/သာမီ**

သံ အဿ အတ္ထီတိ သာမိ၊သာမီတိပိ-ဟု ဓာန်ဋီ၊၇၂၅။ကို ထောက်၍ နှစ်ပါ၌သင့်။

**ဝါကျစဉ်(၂၁) ဝိပရိဝတ္တမာနာ/ဝိပဋိဝတ္တမာနာ**

ပဋိ ပတိ ရှေးရှိသော ဝတ္တ/ဝတုဓာတ်သည် ဆုတ်နစ်ခြင်းဟူသော ပဋိသေဓ အနက်ဟောသည်။ပရိ+ဝတ္တ/ဝတု ဓာတ်သည် အထက်အောက် တစ်ပြောင်းပြန်ပြန် အနက်ကိုဟောသည်။ဤ၌ တစ်ပြောင်းပြန်ပြန်ဖြစ်နေခြင်းကို အလိုရှိအပ်သောကြောင့် ဝိပရိဝတ္တမာနာ ပါ၌သင့်။

ပတိဝတ္တေတွာတိ ဣမမေဝတ္ထ ပဋိသေဓေတွာ ပရိဝတ္တေတွာတိပိ ပါဌော၊

http://www.dhammadownload.com


ယောဋ္ဌု ပရိယာယံ ကတွာတိ အတ္ထော။ပါစိတ်ယောဇနာ၊၄၄၀။

## ဩကိရိန္နိ/ဩကိရိဏီ

ဩကိရိပုဒ်နောင် ဣနီ ပစ္စည်းသက်၍ ပြီးသောကြောင့် ဩကိရိန္နိ ပါဠ်သာ သင့်။ဘာဋီ၌ ရအက္ခရာနောင်ဖြစ်၍ နီကိုဏီပြန်လျက် ဩကိရိဏီ-ဟုရှိသည်ကို တွေ့ အပ်၏။

## ဝါကျစဉ်(၂၂) နာနာဝဏ္ဏနေန/နာနာဝဏ္ဏနေဟိ

နာနာနိပါတ်၏ ပုထုဝစနအများအပြားအနက်ကို ဟောငြားသော်လည်း မနော ဒွါရာဝဏ္ဏနံးစိတ်သည် တစ်ပါးတည်းသာရှိသောကြောင့်လည်းကောင်း၊ဝီထိအများ၌ အများ အပြားပင်ဖြစ်သော်လည်း ဓာတ်ခြင်းတူသောကြောင့်လည်းကောင်း နာနာဝဏ္ဏနေန-ဟု ဧကဝုစ်ဖြင့် ရှိသောပါဠ်သာသင့်။

## အတီတေနိဒါသဿ/အတီတနိဒါသဿ

အတိတ်ဖြစ်သောခန္ဓာအစဉ်ကို အောက်မေ့အမှတ်ရသည်မဟုတ်၊အတိတ်၌ နေဘူး သော ခန္ဓာအစဉ်ကို အမှတ်ရသည်ဖြစ်၍ နိဝါသသဒ္ဒါသည် အာဓာရကိုငဲ့သော ပုဒ်ဖြစ်သော ကြောင့်လည်းကောင်း နိဿယတို့၌လည်း ဝါကျအဖြစ်ဖြင့်သာ အတ္ထယော ဇနာသောကြောင့်လည်းကောင်း အတီတေနိဝါသဿ-ဟု ဝါကျဖြင့် ရှိသောပါဠ်သာသင့်။

## ဝါကျစဉ်(၂၃) ခုဒ္ဒါနုခုဒ္ဒကာနိ/ခုဒ္ဒကာနုခုဒ္ဒကာနိ

ခုဒ္ဒကေဟိစ အနုခုဒ္ဒကေဟိစ (ဝိ၊ဋ္ဌ၊၃။၁၄၆။)စသဒ္ဒေါ ခုဒ္ဒါနုခုဒ္ဒကပဒဿ ဒွန္ဒဝါကျံ ဒဿေတိ၊ပုဗ္ဗပဒေ ကကာရလောပေါ ဒဋ္ဌဗ္ဗော။(ပါစိတ်ယောဇနာ၊၁၁၇)ကို ထောက်၍ ရှေ့ပုဒ်၌ ကကျေ၍ ပြီးသောကြောင့် ခုဒ္ဒါနုခုဒ္ဒကာနိ ပါဠ်သာသင့်။

## ဂရုကာရုပ္ပတ္တော/ဂုရုကာရုပ္ပတ္တော

ကေစိ ပနာစရိယာ ဂုရု ဂရူတိစ ဒွိဓာ ဂဟေတွာ ဗာဟိယဝါစကတ္တေ ဂရု သဒ္ဒေါ ဋ္ဌိတော၊ပါဋ္ဌိဝိသယေတိ သဗ္ဗေသမ္ပိ ယထာဝုတ္တာနံ ·အတ္ထာနံ ဝါစကတ္တေ ဂရု သဒ္ဒေါယေဝ ဣစ္ဆိတဗ္ဗော၊အကာရဿ အာကာရဘာဝေ ဂါရဝန္တိ။သဝုဒ္ဓိကဿ တဒ္ဓိတန္တ ပဒဿ ဒဿနတော။ဓာတုမာလာ၊၁၅၇။ကိုထောက်၍ ဂရုကာရုပ္ပတ္တော ပါဠ်သင့်။

သက္ကတဘာသာဝိသယေ ပန ဂုရုသဒ္ဒေါယေဝ ဣစ္ဆိတဗ္ဗော ဥကာရဿဝုဒ္ဓိ ဘာဝေ အညထာ တန္တိ ပဒဿ ဒဿနတော။ဓာတုမာလာ၊၂၅၇။ကိုထောက်၍သက္ကတ ကျမ်းအလို ဂုရုကာရုပ္ပတ္တော လည်းသင့်။

http://www.dhammadownload.com


## နောက်ဆက်တွဲ ကာယဝိစ္ဆန္ဒနိယကထံ/ကာယဝိစ္ဆိန္ဒနိယကထံ/ ကာယဝိစ္ဆိန္ဒိယကထံ

ကာယဝိစ္ဆန္ဒနိယကထန္တိ ကရဇကာယေ ဝိရာဂုပ္ပါဒနကထံ။(ဝိမတိ)အဖွင့်ကို ရှု၍ ဝိဂတော ဆန္ဒော ဝိစ္ဆန္ဒော၊ကာယေ ဝိစ္ဆန္ဒော ကာယဝိစ္ဆန္ဒော၊ကာယဝိစ္ဆန္ဒံ ဉပ္ပါဒေတီတိ ကာယဝိစ္ဆန္ဒနိယာ၊ကာယဝိစ္ဆန္ဒပုဒ်နောင် ဣယပစ္စည်း၊န-အာဂုံလာ၍ ပြီးသောကြောင့် ကာယဝိစ္ဆန္ဒနိယကထံ ပါဌ်သင့်။

နမလာသော် ကာယဝိစ္ဆန္ဒိယကထံ ပါဌ်သင့်။

ယင်းအလို ကရဇကာယ၌ ကင်းသောရာဂကို ဖြစ်စေကြောင်းစကားကို-ဟု အနက်ပေးပါ။

ကာယဝိစ္ဆိန္ဒနိယကထန္တိ အတ္တနောစ ပရဿစ ကရဇကာယေ ဝိစ္ဆိန္ဒနုပ္ပါဒနကထံ။သာရတ္ထကို ရှု၍။ဝိစ္ဆိန္ဒတီတိ ဝိစ္ဆိန္ဒော၊ကာယေ ဝိစ္ဆိန္ဒော ကာယဝိစ္ဆိန္ဒော၊ကာယဝိစ္ဆိန္ဒံ ဉပ္ပါဒေတီတိ ကာယဝိစ္ဆိန္ဒနိယာ-ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့် ကာယဝိစ္ဆိန္ဒနိယာ ပါဌ်သင့်။ ယင်းအလို မိမိအတ္တဘောသူတစ်ပါးအတ္တဘော၌ တပ်တတ်သောဆန္ဒရာဂကို ပယ်ဖြတ်ခြင်းကို ဖြစ်စေတတ်သောစကားကို-ဟု ပေးပါ။

ဆဋ္ဌမူတို့၌ ကာယဝိစ္ဆန္ဒနိယကထံ-ဟုသာ ရှိနေသည်ကို တွေ့ရသည်။

ယောဇနာ၌ ကာယနိဗ္ဗိန္ဒနိယကထန္တိပိ အတ္ထိ-ဟု မူကွဲပါဌ်တစ်မျိုးကို ရေးသေးသည်။

## တိဝိဓတ္တေဂတံ/တိဝိဓတ္တေကတံ(ဝိ၊၄၊၂၂။၃။)

ဇဝံ တိဝိဓတ္တေဂတန္တိ ဇဝံ ယထာဝုတ္တေန ဝိဓိနာ ပဋိပဒါ ဝိသုဒ္ဓိပက္ခန္ဒနဉပေက္ခာနုဗြူဟနဉာဏသမ္ပဟံသနဝသေန တိဝိဓဘာဝံ ဂတံ။(သာရတ္ထ)ကို ထောက်၍ တိဝိဓတ္တေဂတံ ပါဌ်သင့်။

## သန္ဓိပတိတော/သန္ဓိပါတိတော

သန္ဓိပါတောဟိ သန္ဓိပါတေတွာ-ပါဌ်တို့ကို ထောက်၍ သန္ဓိပါတိတော-ဟု ကာရိတ်ဖြင့် ရှိသောပါဌ်သင့်။

ဘိက္ခုသံဃေ၏ အရတူ ကိတ်ကြိယာပုဒ်ကြံက သန္ဓိပတိတော ပါဌ်သင့်။ သန္ဓိပတိတော-စည်းဝေးပြီးပါပြီ။သန္ဓိပါတိတော-စည်းဝေးစေအပ်ပါပြီ။

တ/စ ပါရာဇိကဏ်စာစဉ်ပြီး၏

http://www.dhammadownload.com



## အဒ္ဓနိယံ/အဒ္ဓနီယံ

အဒ္ဓနိ ဒီဃတ္တေ သာဒျုတိ အဒ္ဓနိယံ အဒ္ဓါနက္ခမံ အဒ္ဓယောဂျန္တိ သာဓုအတ္တေ နိယပစ္စယော။(ပါစိတ်ယောဇနာ၊၁၁၇။)ကို ထောက်၍ အဒ္ဓနိယံ-ဟု ရှသဖြင့် ရှိသော ပါဠ်သင့်။

## ကဋ္ဌိယံ/ကဋ္ဌိကံ

ကဋ္ဌိယန္တိ ဗိလင်္ဂံ။တံ ဟိ ကေန ဇလေန အဋ္ဌိယံ အဘိဗျတ္တံ အဿာတိ ""ကဋ္ဌိယ""န္တိ ဝုစ္စတိ၊တမေဝ ကဋ္ဌိယံ ယကာရဿ ကကာရံ ကတွာ။(ပါစိတ်ယောဇနာ၊ ၈၉။)ကိုထောက်၍ ကဋ္ဌိကံ ပါဠ်သင့်။ကမပြုသော် ကဋ္ဌိယံ ပါဠ်သင့်။

## ဗိမ္ဗောဟနံ/ဗိမ္ဗောဟနံ

ဝိသေသေန သီသံ ဝဟတီတိ ဗိမ္ဗောဟနံ၊ယု၊ဗတ္တံ,အသေသာတ္တာဥ္က။(အဘိဓာန်၊ဋီကာ၊၃၁၁။)ဂါထာ ကိုထောက်၍ ဝဟဓာတ်+ယုပစ္စည်းဝကိုဗ၊အကိုဩပြု၊ဒွေဘော်လာ၍ ပြီးသောကြောင့် ဗိမ္ဗောဟနံ ပါဠ်သာသင့်။

## ပါရာဇိကဏ် နံပါတ်(၇) ပြီး၏။

http://www.dhammadownload.com